ရွှေမှန်

The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့ (18-7-2011) (၆၂၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက

တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည်

ကြည့်ရှုစစ်ဆေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ လက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့်အကွာရှိ ပေါင်းလောင်းမြစ်ပေါ်၌ အမှတ်(၁)တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ၍ ပင်မတမံ Stage-2(B)-2 အား RCC ကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် RCC ကွန်ကရစ်သွန်းလောင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး RCC ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ကြသည့် ဆွစ်ဇာလန်နိုင်ငံ Colenco Co., Ltd. မှ အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC Co., Ltd. မှ ဓာတ်အားပေးစက်ရုံ စက်မှုလျှပ်စစ်တပ်ဆင်ရေးအဖွဲ့နှင့် စီမံကိန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေထုတ်ပေါက်လုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် RCC ကွန်ကရစ်သွန်းလောင်းနိုင်ရန်အတွက် ကျောက်ကြီးများစုဆောင်းထားရှိမှု၊ ကျောက်ခွဲစက်များဖြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း GSM မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မိုဘိုင်းတယ်လီဖုန်းများ ဈေးနှုန်းသက်သာစွာ ပြောဆိုဆက်သွယ်နိုင်ရန်

GSM မိုဘိုင်းတယ်လီဖုန်းလိုင်း လေးသန်း တိုးချဲ့တပ်ဆင်မည်



နေပြည်တော် ဇူလိုင် ၁၇

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်းကောင်း လျင်မြန်လုံခြုံစွာ ပြောဆိုဆက်သွယ်နိုင်သည့် ဆက်သွယ်ရေးစနစ်သည် အဓိက အထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် GSM မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ ဤစီမံကိန်းသည် တစ်နိုင်ငံလုံးရှိ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် တစ်ဦးနှင့်တစ်ဦး အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့် ပုဂ္ဂလိက အတူလက်တွဲ၍ ဤမိုဘိုင်းတယ်လီဖုန်းဆက်သွယ်မှု စီမံကိန်းကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖

ယနေ့ သတင်း အညွှန်း

စက်ရုံစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်အောင် အလေးထား (သတင်း)စာမျက်နှာ - ၇

ဂေါ်ဖီထုပ်များ လှိုင်လှိုင်ထွက်သည့် ဆင်ကျေးရွာ (သတင်း)စာမျက်နှာ - ၈

Transformers-3 ဒါရိုက်တာနှင့် သရုပ်ဆောင်များ ရှန်ဟိုင်း၌ အရောင်းမြှင့်တင်ရေး ပြုလုပ် (သတင်း) စာမျက်နှာ - ၇

၁၈- ၇ -၂၀၁၁
(တနင်္လာနေ့)

အသက်ရှူလမ်းကြောင်းပိုင်း ကျန်းမာမှု အစဥ်ဂရုပြု

နေရောင်ခြည်၊ ရေ၊ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စသည်တို့သည် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ် လိုအပ်သည်။ နေ၏ အလင်းရောင်စွမ်းအင်ကို အသုံးပြုပြီး ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေတို့ ဓာတ်ပြုကာ သက်ရှိသတ္တဝါများအတွက် လိုအပ်သည့်ကာဗွန်ဟိုက်ဒြိတ်၊ အောက်ဆီဂျင်တို့ ရရှိအကျိုးပြုသည်။

လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏ မြင့်တက်လာမှုကြောင့် ကမ္ဘာကြီးပူနွေးလာသည်။ ရာသီဥတု ဖောက်ပြန်လာသည်။ မိုးကြီးသည်းထန်၊ မုန်တိုင်းများတိုက်ခတ်၊ ရေလွှမ်းမိုး၊ မိုးခေါင်ရေရှား၊ သီးနှံများပျက်စီး စသည့် သဘာဝဘေးအန္တရာယ်များ တွေ့ကြုံလာကြရသည်။ ယခုအခါ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် လူကို အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့များမှ ကာကွယ်နိုင်ရန် သစ်တောသစ်ပင်များ ကမ္ဘာအနှံ့ စိုက်ပျိုးလာနေကြပြီ ဖြစ်သည်။

လူတိုင်း အသက်ရှည်ကျန်းမာရေးအတွက် သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ရန် လိုအပ်သည်။ လူအများစုသည် ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်နိုင်သည်ကို သိရှိကြသည်။ အဆောက်အအုံ၊ လေလုံသောအခန်းများ၊ ယာဥ်များအတွင်း အန္တရာယ်ဖြစ်စေသည့်ဓာတ်ငွေ့များ ရှူရှိုက်နေရမှုကို သတိပြုကြသူနည်းပါးသည်။

လေလုံသောတိုက်ခန်း၊ နေအိမ်အများစု၏ မီးဖိုချောင်မှထွက်ရှိသော မီးခိုးငွေ့များတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အပြင် လူကို အန္တရာယ်ဖြစ်စေသည့် မီသိန်းဓာတ်ငွေ့နှင့်အခြားဓာတ်ငွေ့များ ပါဝင်နိုင်သည်။ အပူပေးစက်၊ လေအေးပေးစက်များ ကောင်းစွာအလုပ်မလုပ်ချိန်တွင် ကာဗွန်မိုနောဲဆိုက်ဓာတ်ငွေ့ကို ထုတ်လွှတ်တတ်သည်။ ဂက်စ်မီးဖိုမှထွက်သည့်ဓာတ်ငွေ့သည်လည်း ကာဗွန်မိုနောဲဆိုက်ဓာတ်ငွေ့ကဲ့သို့ အဆိပ်ဖြစ်စေနိုင်ကြောင်း သိရသည်။

စက်မှုဇုန်များနှင့် လူနေရပ်ကွက်များနှင့်နီးသော စက်ရုံအချို့တွင် ဘွိုင်လာမီးထိုးရန်အတွက် ကားတာယာဟောင်း၊ ဖိုင်ဘာစ၊ ရော်ဘာဝါရှာဟောင်းများကို လောင်စာအဖြစ်သုံးစွဲရာမှ ထွက်ပေါ်လာသည့် ဓာတ်ငွေ့များတွင် ဓာတုဗေဒဆိုင်ရာအဆိပ်ငွေ့များ ပါဝင်မှုရှိသဖြင့် ဆင်ခြင်အသုံးပြုကြရန် လိုအပ်သည်။ ဓာတ်ငွေ့များ ရှူရှိုက်မိ၍ အဆိပ်သင့်ခံရသူများသည် ကိုယ်ခန္ဓာအတွင်း အောက်ဆီဂျင်ဓာတ်လျော့နည်းသွားပြီး ခေါင်းမူးခြင်း၊ အိပ်ငိုက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်မေ့မြောခြင်းများ ဖြစ်တတ်သည်ကို သတိပြုကြရပေမည်။

ပြည်သူများအနေဖြင့် မိမိတို့နေထိုင်အလုပ်လုပ်ကိုင်ရာ အဆောက်အအုံ အခန်းများအတွင်း လေထုညစ်ညမ်းမှုဖြစ်စေမည့် အငွေ့အသက်များ၊ ပစ္စည်းများထားရှိသုံးစွဲခြင်းများမှရှောင်ကြဥ်ခြင်း၊ လေဝင်လေထွက် ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ လေစုပ်စက်များတပ်ဆင်ခြင်းတို့ဖြင့် လူတိုင်းအသက်ရှည်ကျန်းမာမှု အစဥ်ဂရုပြု နေထိုင်သွားသင့်ကြောင်းတင်ပြလိုက်ရပေသည်။ ။

ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မိုးယုစံ၏မွေးနေ့အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းထိန် လက်ခံစဉ်။ (ဇီဝိတဒါန သံဃာ့ဆေးရုံ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၀)ရုံးဝင်းအတွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ရဲချုပ်ကျော်ကျော်ထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများက အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းမိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ယခင်စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ရုံးများဖြစ်သော ရုံးအမှတ်(၁၀)၊ ရုံးအမှတ်(၈)နှင့် ရုံးအမှတ်(၄၉)ပရဝဏ်တို့၌ ကျွန်းပင် ၉၆၀၊ စိန်တလုံးသရက်ပင် ၃၀၀၊ ပိန္နဲပင် ၄၀၊ ပျဥ်းကတိုး ၂၀၀၊ မဟော်ဂနီ ၁၀၀၊ မဲဇလီပင် ၁၀၀၊ တညင်းပင် ၂၀ နှင့် ခရေ ၁၂ ပင်တို့ကို စိုက်ပျိုးခဲ့သည်။

(သတင်းစဥ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဥ်။ (သတင်းစဥ်)

ဟင်္သာတခရိုင် ခြောက်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအားလုံး၏ သီပွံနည်းကျစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို ခရိုင်မန်နေဂျာရုံး၌ ကျင်းပရာ ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေ အမှာစကားပြောကြားစဥ်။

(၁၈၆)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ နှစ်လည် နှစ်ဝက်အစည်းအဝေးကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် အသင်းတည်ရှိရာ အမှတ် (၅၈၂/က) သံသုမာလမ်း သင်္ဃန်းကျွန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ဆေးကုမ္ပဏီများမှ ပြခန်းများ ဖွင့်လှစ်ပြသရောင်းချမည်ဖြစ်ရာ နယ်အသင်းခွဲ ကိုယ်စားလှယ်များနှင့် အသင်းဝင်များ တက်ရောက်ရန် ဖိတ်ကြားထားသည်။

ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည့် ပညာရပ်ဆိုင်ရာဟောပြောပွဲတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်မှ ပါမောက္ခ ဒေါ်ဆန်းဆန်းဝင်း ပါမောက္ခ/ဌာနမှူး ကလေးသွားကျန်းမာရေးနှင့် သွားညှိကုပညာဌာနနှင့် ပါမောက္ခ ဒေါ်ဆွေဆွေဝင်း ပါမောက္ခ/ ဌာနမှူး မေးရိုးနှင့် ခံတွင်းဆေးပညာဌာနတို့က Dental Problems Encountered in Early Mixed Dentition Period ခေါင်းစဥ်နှင့် History and Symbol of Dentistry ခေါင်းစဥ်ဖြင့် ဟောပြောပို့ချမည်ဖြစ်ရာ အသင်းဝင်တိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၅၀၀	၀. ၀၃၃၂၃
တရုတ် (ယွမ်)	၆. ၄၆၂၀၀	၀. ၁၅၄၇၅
အိန္ဒိယ (ရူပီး)	၄၄. ၅၁၀၀	၀. ၀၂၂၄၇
မလေးရှား (ရင်းဂစ်)	၃. ၀၀၇၅၀	၀. ၃၃၂၅၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၉၄၀	၀. ၈၂၀၀၈
ဂျပန် (ယန်း)	၇၉. ၀၆၀၀	၀. ၀၁၂၆၅
တောင်ကိုရီးယား(ဝမ်)	၁၀၅၇. ၉၅	၀. ၀၀၀၉၅
ယူရို	၀. ၇၀၆၉၁	၁. ၄၁၄၆၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၈၁	၁. ၆၁၃၄၀

အင်တာနက်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၉ ရက်က အထက(၅) ကေသရာဇာခန်းမ၌ ကျင်းပရာ အသင်းသားအမြတ်ငွေကျပ် ၂၇၃၂၅၀၀ ကို အသင်းသားများကိုယ်စား အသင်းသားအဖွဲ့ဝင်နှစ်ဦးအား အသင်းဥက္ကဌ ဦးရဲတင့် ပေးအပ်စဥ်။

(ကြေးမုံ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၁၆)ရပ်ကွက် အမက-၃၈ (လခွဲ)နှင့် အမက(၃၉)ကျောင်းများသို့ စာရေးခုံရှည် ၁၉ လုံး၊ ထိုင်ခုံရှည် ၅၆ လုံးနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်ဆုရှင်များ ဂုဏ်ပြုပွဲကို ဇွန် ၂၈ ရက်က ရပ်ကွက်သီလရက္ခိတမဏ္ဍပ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုအမျိုးသား လွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးတင်ယု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖအလှူရှင်များက တန်ဖိုးငွေကျပ် ၁၀၆၃၀၀၀ တန်ဖိုးရှိ ထိုင်ခုံများကို ကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်လှူဒါန်းကြစဥ်။ (၃၂၉)

✳ ရှေ့ဖုံးမှ

RCC ဖျော်စပ်ရာ၌ သုံးစွဲသည့် ကျောက်အမျိုးအစားလေးမျိုး ကြိတ်ခွဲထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ Unit(1) နှင့် Unit(2) တို့ကို စက်မှုလျှပ်စစ်တပ်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မတမံကို Conveyor ဖြင့် RCC ကွန်ကရစ်များ သယ်ယူပို့ဆောင်နေမှုနှင့် သွန်းလောင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးသောင်းဟန်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်၊ ပင်မတမံကို Stage အလိုက် RCC သွန်းလောင်းမှု၊ ခွဲကျောက်လိုအပ်ချက်နှင့် ထုတ်လုပ်မှု၊ ဓာတ်အားပေးစက်ရုံအတွက် မြစ်ရေကြီးခဲ့ပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု တင်ပြချက်များနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေး၏ ဖြည့်စွက်ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများတွင် နေ့စဉ် အစဉ်တစိုက် အရည်အသွေး စစ်ဆေးထိန်းသိမ်းခြင်း လုပ်ငန်းများ စနစ်တကျဂရုပြုကြပ်မတ် ဆောင်ရွက်ကြရေး၊ ဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေးနှင့် RCC ကွန်ကရစ်တမံ သွန်းလောင်းခြင်းနှင့် ဓာတ်အားပေးစက်ရုံ စက်တပ်ဆင်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၇၀ ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ မှ တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်သည်။

(သတင်းစဉ်)

❖ မိုဘိုင်းတယ်လီဖုန်းများမှ

အစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် မိုဘိုင်းအင်ဂျင်နီယာချုပ်တို့က GSM မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ပထမနှစ် လိုင်းလေးသန်း တိုးချဲ့ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် အင်ဂျင်နီယာချုပ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အရည်အသွေးပြည့်မီသည့် မိုဘိုင်းဆက်သွယ်မှုစနစ်ကို ပြည်သူများ ရရှိသုံးစွဲနိုင်ရေးအတွက် အဘက်ဘက်က စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင်(သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၂၀ ၈။ "နှစ်စဉ်နွဲပျော်ဝါဆိုခြင်းပွဲတော်"
၅:၃၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၉)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၅)**
၁၉။ အစီအစဉ်ပြီး၏။

ပုဇွန်တောင်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးအစီအစဉ်အရ ဦးစိန်ထွန်း-ဒေါ်မာမာဝင်း၊ သမီးမကေရီထွန်း မိသားစုက သမီးငယ်လေး မပြည့်ပြည့်၏ တစ်နှစ်မြောက် မွေးနေ့မင်္ဂလာအဖြစ် တစ်ကျောင်းလုံးအား ကြက်သားဒံပေါက် အာဟာရကျွေးမွေးစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ ကိုကျော်ကျော် (ကျော်ကျော်-စက်မှုတက္ကသိုလ်)-မဆွေဇင်ဖြူဝင်းမိသားစုက သားဦးလေး မောင်ကောင်းသန့်ကျော်၏ တစ်နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တည်ဆောက်ဆဲ ရွှေမန်းသုံးထပ်ကျောင်းတော်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းတော်သစ်ကြီး ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ဦးထွန်းကြည်တို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ဟိုပန်မြို့၌ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်

ဟိုပန် ဇူလိုင် ၁၇

ကွမ်းလုံခရိုင် ဟိုပန်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဦးစီးဌာနမှူး ဦးမျိုးဝင်းရှိန်က နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။ (၅၇၅)

ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ဦးရာဇ်မြေ- ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်းရှိ စတုဘုမ္မိကဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပညာရည်ချွန်ဆုပေးနိုင်ရန်အတွက် ဇူလိုင် ၂၀ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ကြရန်နှင့် ဦးသန်းထွန်း ဖုန်း-၀၉-၅၀၅၂၈၂၄၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၅၁၇၃၂၂၄၊ ဦးဦးသာကျော် ဖုန်း-၀၉-၉၉၂၄၇၃၀ နှင့် ဦးကျော်စိန်မောင် ဖုန်း-၀၉-၅၁၁၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

တအုပ် တပေ လူ့ပိတ်ဆွေ

ရှားပါးငှက်များအကြောင်း ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မျိုးသုဉ်းလုနီးပါးဖြစ်နေသော ငှက်များအပါအဝင် ရှားပါးငှက်များကို ပါဝင်ပြသသည့်'3 Days Exhibition Beauty Birds of Myanmar' အမည်ရှိသော ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီ စားသောက်ဆိုင်အပေါ်ထပ်ရှိ သီရိခန်းမ၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိကျင်းပခဲ့သည်။ **(ဝဲပုံ)**

အဆိုပါပြပွဲတွင် အစဉ်လိုက်ချိတ်ဆွဲထားသော ဓာတ်ပုံကားချပ် ၁၀၂ ချပ်နှင့် ဘေးတွင် ထောင်ထားသော ဓာတ်ပုံကားချပ်နှစ်ချပ် အပါအဝင် စုစုပေါင်း ဓာတ်ပုံကားချပ် ၁၀၄ ချပ်ကို ပြသခြင်းဖြစ်ပြီး ဦးစိုးညွန့်၊ ဦးသိန်းအောင်၊ ဦးဇေမောင်သိန်း၊ ဦးကျော်မျိုးနိုင်၊ ဦးသက်ဇော်နိုင် စသော ဓာတ်ပုံပညာရှင်ငါးဦးတို့က ရိုက်ကူးထားခဲ့ကြသည်။ စတင်ပြသသည့် ပထမနေ့တွင် ငှက်လွှတ်ပွဲကိုလည်း ကျင်းပခဲ့ပြီး ဒုတိယနေ့တွင် ပြပွဲနှင့်အတူ ကာတွန်းအော်ပီကျယ်၊ စာရေးဆရာမဂျူးတို့က လည်းကောင်း၊ တတိယမြောက်ရက်တွင် သစ်တောပညာရှင်များနှင့် ငှက်ဝါသနာရှင်များက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများကိုလည်း ပူးတွဲကျင်းပခဲ့သည်။

ထက်ခိုင်(စမ်းချောင်း)

အ မြို့ မြို့ အ နယ် နယ် သ ၁ ယ ၁ စ ည် ပ င်

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆုံရပ်မြစ်ရေတင် ရေစက်ရုံနှင့် ရေလှောင်ကန်အား မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့ မင်္ဂလာဈေးအတွင်း သန့်ရှင်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့ မြို့မဈေးကြီး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဘုရားကြီးလမ်း ရေမြောင်းတူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပါကစ္စတန်တွင် နေတိုးတပ်ဖွဲ့၏ လောင်စာတင်ယာဉ်များ ဖျက်ဆီးခံရ

ပက်ရှ်ဝါ ဇူလိုင် ၁၇

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်ထန်ခဝါပြည်နယ်တွင် နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော ယာဉ်များကို ပါကစ္စတန်စစ်သွေးကြွများက တိုက်ခိုက်ဖျက်ဆီးခြင်းများကြောင့် သုံးဦးထက်မနည်း သေဆုံး၍ ၁၆ဦး ဒဏ်ရာရရှိကြောင်း ဇူလိုင် ၁၇ ရက်တွင် ဖော်ပြသည်။

ပက်ရှ်ဝါမြို့ဆင်ခြေဖုံးရှိ ဈေးတစ်ဈေးအနီးတွင် ရပ်ထားသော လောင်စာတင်ယာဉ်တစ်စီးကို ဇူလိုင် ၁၆ရက် နှောင်းပိုင်းတွင် စစ်သွေးကြွများက ဗုံးဖောက်ခွဲ၍ ဖျက်ဆီးခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ လောင်စာတင်ယာဉ်အား အဝေးထိန်းကိရိယာဖြင့် ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဗုံးဖောက်ခွဲခံရ၍ လောင်စာတင်ကားများမီးလောင်ကာ အနီးရှိ ဆိုင် ၁၀၀ခန့် မီးလောင်သွားကြောင်း မီးသတ်ဌာနက ပြောကြား သည်။

မီးလောင်မှုကြောင့် နှစ်ဦးသေဆုံး၍ ၁၅ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

သီးခြားတိုက်ခိုက်မှုတစ်ခုတွင် အမည်မသိ သေနတ်သမား အုပ်စုတစ်စုက ခိုင်ဘာပက်တန်ခဝါပြည်နယ် ဂျမ်ရပ်ဒ်တက် ဆေးလ်ဒေသ၌ ဇူလိုင် ၁၆ ရက်က လောင်စာတင်ယာဉ်တစ်စီး ကို တိုက်ခိုက်သဖြင့် မီးလောင်ပျက်စီးသွားသည်ဟု ဆိုသည်။ **ဆင်ဟွာ။**

မီးလောင်နေသည့် လောင်စာတင်ယာဉ်ကို မီးသတ်တပ်ဖွဲ့ဝင်များ ငြှိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် လူဦးရေ သန်း ၁၄၂ ဒသမ ၃ သန်းရှိပြီ

ဒါကာ ဇူလိုင် ၁၇

ဆယ်စုနှစ်တစ်ခုတာအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေသည် ၁၀ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကာ ၁၄၂ ဒသမ ၃ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ သို့ရာတွင် အမျိုးသမီးများ လုပ်ငန်းခွင်ဝင်မှု ပိုမိုများပြားလာသောကြောင့် လူဦးရေတိုးတက်မှုနှုန်း ကျဆင်းခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဇူလိုင် ၁၆ ရက်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျေးရွာများမှ မြို့ကြီးပြကြီးများအထိ တစ်အိမ်တက် တစ်အိမ်ဆင်း သန်းခေါင်စာရင်းကောက်ယူခဲ့ရာ ဝန်ထမ်း ၃၀၀၀၀၀မျှ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆင်းရဲနွမ်းပါးသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်းက လူဦးရေ သန်း ၁၃၀ မျှ ရှိခဲ့သည်။

လူနေမှုအဆင့်အတန်းမြင့်မားလာရေးကို အလေးပေးလာသည်နှင့်အမျှ ဘင်္ဂလားဒေ့ရှ်အမျိုးသမီးများ လုပ်ငန်းခွင်ဝင်ရောက်မှုနှုန်းလည်း မြင့်မားခဲ့ရာ မိသားစုဝင်ဦးရေပမာဏသည်လည်း ကျဆင်းခဲ့သည်။

ယင်းအပြင် နိုင်ငံ၏ လူဦးရေထိန်းချုပ်ရေးအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူဦးရေကျဆင်းမှု၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် စာရင်းဇယားဗျူရို အကြီးအကဲက ပြောကြားခဲ့သည်။

သမ္မတနှင့် ဝန်ကြီးချုပ်တို့၏ မိသားစုဝင်စာရင်းများ ကောက်ယူမှုအခမ်းအနားနှင့်အတူ တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူမှုကို ယခုနှစ်မတ်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လုပ်ဆောင်ခဲ့သည်။

အင်တာနက်။

အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပွဲ သတင်းယူလိုသူ အီရန်အမျိုးသမီးသတင်းထောက် အဖမ်းခံရ

ဘာလင် ဇူလိုင် ၁၇

ဂျာမနီတွင် ကျင်းပလျက်ရှိသည့် အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ သွားရောက်သတင်းရယူလိုသော နောက်ထပ်အမျိုးသမီးသတင်းထောက်တစ်ဦးကို အီရန်အစိုးရက ဖမ်းဆီးလိုက်ကြောင်း၊ တီဟီရန်၏နာမည်ဆိုးဖြင့်ကျော်ကြားသော အီဗင်အကျဉ်းထောင်တွင် ထိန်းသိမ်းထားကြောင်း တနင်္ဂနွေနေ့ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ရုပ်ရှင်မင်းသမီးလည်းဖြစ်၊ ရုပ်ရှင်ထုတ်လုပ်သူလည်းဖြစ်သည့် အသက် (၂၇)နှစ်ရှိ ပီဂါအာဟန်ဂါရာနီကို သူမနေထိုင်သောအခန်း၌ ယခုလအတွင်း၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနေ့မှစ၍ သူမကို မတွေ့ရတော့ကြောင်း စပီးဂဲလ်မဂ္ဂဇင်းက ဖော်ပြသည်။

၎င်းသည် ဂျာမန်အသံလွှင့်ဌာန ဒတ်ချီဝဲလ်လီအတွက် တနင်္ဂနွေနေ့တွင်ပြီးဆုံးသည့် ကမ္ဘာ့အမျိုးသမီးဘောလုံးပြိုင်ပွဲကို သတင်းယူရန် ရည်ရွယ်ထားကြောင်း စပီးဂဲလ်ကရေးသည်။

အာဟန်ဂါရာနီသည် ထိုကိစ္စအတွက် ဂျာမနီသို့ ခရီးထွက်ခွာ၍ ဘောလုံးပွဲအကြောင်းကို ဘလော့တွင် ရေးသားတင်ပြ မည်ဖြစ်သည်ဟု ဒတ်ချီဝဲလ်လီက ပြောကြားခဲ့သည်။

အဖမ်းခံခဲ့ရသည့် အီရန်အမျိုးသမီးသတင်းထောက် ပီဂါအာဟန်ဂါရာနီ။ (ဓာတ်ပုံ-အင်တာနက်)

အာဟန်ဂါရာနီနှင့်ရင်းနှီးသော သတင်းပေးသူများ အဆိုအရ ခရီးမထွက်ခွာမီ တစ်ရက်အလိုတွင် သူမကို ပြည်ထဲရေးဝန်ကြီးဌာနသို့ဆင့်ခေါ်၍ နိုင်ငံမှထွက်ခွာရန် ကြိုးစားမည်ဆိုလျှင် ဖမ်းဆီးမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

ထိုဖြစ်ရပ်၏အကျိုးဆက်အဖြစ် သူမသည် ဂျာမနီသို့သွားရေးအတွက် မကြိုးစားရန် ဆုံးဖြတ်ခဲ့သည်ဟုဆိုသည်။

ဇူလိုင် ၁၄ ရက်တွင် ထိုနေ့မတိုင်မီ လေးရက်ခန့်က သူမကိုဖမ်းဆီးသွားကြောင်း အတည်ပြုသည်ဟု ဒတ်ချီဝဲလ်လီက ပြောသည်။

ယင်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို သတင်းယူရန် တရားဝင်ခန့်အပ်ထားသော အီရန်လူမျိုးသတင်းထောက် မာယန်မာဂျစ်ကို ဇွန် ၂၆ ရက်နေ့က အီရန်အာဏာပိုင်များက ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ **အေအက်ဖ်ပီ။**

တောင်ကိုရီးယားရေတပ်ထံမှ လျော်ကြေးရရန်ဆိုမာလီပင်လယ်ဓားပြများ တောင်းဆို

မိုဂါဒစ်ရှူး ဇူလိုင် ၁၇

ယခုနှစ်အစောပိုင်းက တောင်ကိုရီးယား ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ပင်လယ်ဓားပြများ သေဆုံးခဲ့ရခြင်းအတွက် လျော်ကြေးငွေပေးရန် တောင်ကိုရီးယား သင်္ဘောသားများအား ဓားစာခံအဖြစ် ဖမ်းဆီးထားသော ဆိုမာလီပင်လယ်ဓားပြများက ဇူလိုင် ၁၅ ရက်တွင် တောင်းဆိုလိုက်သည်။

ဖေဖော်ဝါရီလက တောင်ကိုရီးယား ကွန်မန်ဒိုများက ပြန်ပေးဆွဲခံထားရသော သင်္ဘောတစ်စင်းကို ဝင်ရောက်စီးနင်းကာ ဓားစာခံ ၂၁ ဦးကို ပြန်လည်လွတ်မြောက်စေခဲ့သည်။ ယင်းဖြစ်စဉ်တွင် သေဆုံးခဲ့ရသော ပင်လယ်ဓားပြ ရှစ်ဦးအတွက် တောင်ကိုရီးယားရေတပ်ထံမှ လျော်ကြေးရရှိရန် မိမိတို့လိုလားကြောင်း အမ်ဗွီဂါမိနီအမည်ရှိသင်္ဘောမှ သင်္ဘောသား ၂၅ ဦးကို ပြန်ပေးဆွဲထားသော ပင်လယ်ဓားပြအဖွဲ့က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ အကျဉ်းသားများအဖြစ် ထိန်းသိမ်းခံထားရသော ပင်လယ်ဓားပြများကို တောင်ကိုရီးယားအစိုးရအဖွဲ့က ပြန်လည်လွှတ်ပေးရန်လည်း ဆိုမာလီပင်လယ်ဓားပြအဖွဲ့က တောင်းဆိုသည်။

အမ်ဗွီဂါမိနီအမည်ရှိသင်္ဘောသည် မေလက ကင်ညာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ပြန်ပေးဆွဲခံခဲ့ရသည်။ အဆိုပါ သင်္ဘောပေါ်ရှိ သင်္ဘောသားများအနက် လေးဦးမှာ တောင်ကိုရီးယားနိုင်ငံသားများဖြစ်ကြသည်။

အင်တာနက်။

ဇူလိုင် ၁၅ရက်က ဆက်သွယ်ရေးဂြိုဟ်တုတင်ဆောင်ထားသော အိန္ဒိယဒုံးပျံ လွှတ်တင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆက်သွယ်ရေးဂြိုဟ်တု အိန္ဒိယလွှတ်တင်

နယူးဒေလီ ဇူလိုင် ၁၇

အိန္ဒိယအာကာသသုတေသနအဖွဲ့သည် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို တင်ဆောင်ထားသော ဒုံးပျံတစ်စင်းကို ဇူလိုင် ၁၅ ရက်က အောင်မြင်စွာလွှတ်တင်လိုက်သည်။

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန် ဆရီဟာရီကိုတာကျွန်းရှိ ဆာတစ်ဒါဝန် အာကာသစခန်းမှ ဇူလိုင် ၁၅ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၈ မိနစ်တွင် ဂြိုဟ်တုလွှတ်တင်ရေးဒုံးပျံကို လွှတ်တင်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ဒုံးပျံပေါ်တွင် ဂျီအက်စ်အေတီ-၁၂ ဆက်သွယ်ရေးဂြိုဟ်တုပါရှိပြီး အီကွေတာအထက် ၂၂၃၆၉ မိုင်ရှိ ပတ်လမ်းတွင် ထားရှိမည်ဖြစ်သည်။ **အင်တာနက်။**

တရုတ်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးပျောက်ဆုံးသူ ၄၆၀ ကျော်ရှိ

ပေကျင်း ဇူလိုင် ၁၇

တရုတ်နိုင်ငံတွင် ဇွန်လကတည်းကစ၍ မိုးများအဆက် မပြတ် သည်းထန်စွာရွာ၍ မြေပြိုခြင်းများကြောင့် လူ ၄၆၀ကျော် သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဇွန် ၁ ရက်မှစ၍ တရုတ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်သဖြင့် ၃၅၅ ဦးသေဆုံး၍ ၁၁၂ ဦး ပျောက်ဆုံးနေကြောင်း မြို့ပြရေးရာဝန်ကြီးဌာနက ပြောကြားသည်။

ယင်းသို့ လွန်ခဲ့သည့်လမှစ၍ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသမှ ပြည်သူ ၂ ဒသမ ၃ သန်းကျော်မှာ အိုးအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ဇူလိုင် ၁၆ ရက်က တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဆန်စူးပြည်နယ်တွင် မြေပြိုမှုကြောင့် ဘတ်စ်ကားတစ်စီး၊ ကုန်တင်ကားတစ်စီး ပျက်စီးဆုံးရှုံးရပြီး ၁၃ ဦး သေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးတွင် ရွှံ့များ၊ ကျောက်တုံးများ ပိတ်ဆို့နေမှု ကြောင့် လူ ၈၀၀ကျော်နှင့် ယာဉ်စီးရေ ၃၀၀ ကျော်မှာ သောင်တင်လျက်ရှိသည်။

ယင်းသို့ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၁၃ သန်းရှိကြောင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေး အမျိုးသားကော်မရှင်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရေလွှမ်းမိုးသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ကြုံတွေ့နေရသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဘာလီကျွန်းသို့ မလေးခရီးသည် လာရောက်မှု မြင့်တက်

ဘာလီ ဇူလိုင် ၁၇

မလေးရှားနိုင်ငံသားများသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အပန်းဖြေခရီးထွက်မှု ပိုမိုပြုလုပ်လာကြကြောင်း၊ ဘာလီကျွန်းသို့ မလေးရှားခရီးသည်များရောက်ရှိမှုမှာ ယခုနှစ် ပထမ သုံးလတာကာလတွင် ၅၂၅၀၇ ဦးရှိကြောင်း၊ လွန်ခဲ့သည့်နှစ် အလားတူကာလက ၃၉၄၃၅ ဦးရှိခဲ့ကြောင်း၊ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၃၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း မလေးရှား သတင်းဌာနများက ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာလီကျွန်းသို့ လွန်ခဲ့သည့်နှစ်က မလေးရှားခရီးသည် ၁၅၈၆၅ ဦးရှိခဲ့ရာ ၂၀၀၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည်။

ဘာလီကျွန်းသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုတွင် သြစတြေးလျ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့ ပြီးလျှင် မလေးရှားနိုင်ငံမှ အများဆုံးဖြစ်သည်။

အင်တာနက်။

ပဲခူးတိုင်းဒေသကြီး အသေးစားချေးငွေပေးအပ်ပွဲနှင့် ကျောင်းပြင်ပ မူလတန်းပညာရေး ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဆပ်ကော်မတီ၏ အသေးစားချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာနှင့် တာဝန်ရှိသူတို့က ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ဖြူးမြို့နယ်တို့သို့ အသေးစားချေးငွေစုစုပေါင်း ငွေကျပ်သိန်း ၁၄၀၀၀ ကို ထုတ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးမျိုးဆွေတို့က ကျောင်းပြင်ပ မူလတန်းပညာရေး ဖွင့်လှစ်သင်ကြားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အလှူငွေနှင့်ပစ္စည်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဦးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးများထံ တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးက အခြေစိုက်စခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပ မူလတန်းပညာရေး စွမ်းဆောင်ရည်အကောင်းဆုံး ဆုများကိုလည်းကောင်း၊ တာဝန်ရှိသူများက ပဲခူးမြို့နယ်အတွင်း အကောင်းဆုံး အခြေစိုက်စခန်းဆုနှင့် ထူးချွန်သောကျောင်းသားများအား ဆုများကိုလည်းကောင်း ချီးမြှင့်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းပြင်ပ မူလတန်း ပညာရေးပြခန်းကို ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ပဲခူးတိုင်းဒေသကြီး အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဆပ်ကော်မတီ၏ အသေးစားချေးငွေပေးအပ်ပွဲ အခမ်းအနား၌ ငွေထုတ်ချေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဝင်ငွေနည်းပါး အသင်းသားပေါင်း ၅၂၂ ဦးဖွဲ့စည်း ချေးငွေ ၁၀ မျိုးဖြင့် လူမှုရေးလိုအပ်ချက်များကို ဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၁၇

ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သော မြင်းမူမြို့နယ် မွန်မြတ် အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၃၀ ရက် နံနက်ပိုင်းက မြင်းမူမြို့ မဂ္ဂင်ကျောင်းမှာရုံ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သိန်းနှင့် အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်တို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့၏ ၂၀၁၀-၂၀၁၁ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားအတည်ပြုပြီး ဘဏ္ဍာရေးနှစ်အတွင်း နေ့စဉ်နှင့် အပတ်စဉ် ချေးငွေများပေးဆပ်ရာတွင် ပျက်ကွက်မှုလုံးဝမရှိသော အသင်းသား ၄၂ ဦးတို့အား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါအသင်းကို ဝင်ငွေနည်းပါးသည့် လက်လုပ်လက်စားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အနေ့ယာဉ် လုပ်သားများ၊ ဈေးဆိုင်ငယ်နှင့် အိမ်ဆိုင်ဖွင့်လှစ်ရောင်းချသူများ၊ အသေးစား အိမ်တွင်းလက်မှု ကုန်ထုတ်လုပ်ငန်းငယ်များစသည့် အောက်ခြေလူတန်းစားအလွှာမှ အသင်းသားပေါင်း ၅၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး ချေးငွေအမျိုးအမည် ၁၀ မျိုးဖြင့် အသင်းသားများ၏ လူမှုရေးလိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၆၂၄)

ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ် ထွေ/အုပ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

အင်ဂျင်နီယာ(မြို့ပြ)၁၉၈၀-၁၉၈၄ အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၇

၁၉၈၀-၁၉၈၄ ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ အထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၁ ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်နုနုတင် ဖုန်း-၀၉-၅၀၀၉၁၂၈၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀၀၈၇၅၂၊ ရုံးဖုန်း-၀၁-၂၂၆၈၁၇၊ ၀၉-၅၅၀၆၅၀၃၊ ဦးမိုးအောင် ဖုန်း-၀၉-၅၁၂၇၇၈၇၊ ၀၁-၅၀၅၈၂၁၊ ဦးခင်အောင် ဖုန်း-၀၉-၄၉၂၂၆၇၁၆၊ ၀၁-၅၀၁၂၂၀၊ ဦးမျိုးဌေး ဖုန်း-၀၁-၅၀၃၇၄၆၊ မလွင်လွင်မိ ဖုန်း-၀၉-၅၄၀၅၅၈၅၊ မခင်မဌေး ဖုန်း-၀၉-၂၀၀၃၇၄၅နှင့် မမြမြဝင်း ဖုန်း-၀၉-၈၆၂၂၆၃၃ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အအေးခန်းပစ္စည်းများ ရှင်းလင်းပြသ

ရန်ကုန် ဇူလိုင် ၁၇

OK Myanmar Co., Ltd. ၏ SANYO အမှတ်တံဆိပ်နှင့် HQ အမှတ်တံဆိပ် စီးပွားရေးလုပ်ငန်းသုံး အအေးခန်းပစ္စည်းများ ရှင်းလင်းပြသခြင်းနှင့် အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel, Ballroom ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကားနှင့် ဝန်ဆောင်မှုပေးမည့် အခြေအနေများကို လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က ကုမ္ပဏီ၏ Solar စွမ်းအင် ဖြန့်ဖြူးတပ်ဆင်ပေးခဲ့သည့် အခြေအနေများ၊ ကျေးလက်စွမ်းအင်ရရှိရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

စင်ကာပူသမ္မတနိုင်ငံ SANYO Asia Ptd Ltd. မှ Division President Mr. Hiroyuki Kuriyama က SANYO Solar Energy ၏ အရည်အသွေးနှင့် အာမခံချက်များ၊ Sanyo Electric (Hong Kong)မှ General Manager Mr. Testsuji Tokuwaga က SANYO အမှတ်တံဆိပ် စီးပွားရေးလုပ်ငန်းသုံး အအေးပစ္စည်းများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုအာမခံချက် နိုင်ငံတကာတွင် သုံးစွဲမှုအခြေအနေများနှင့် မြန်မာနိုင်ငံဈေးကွက်အတွက် ပံ့ပိုးဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

အသေးစိတ်သိရှိလိုသည်များကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ်(G-9) MGW Tower ရှိ ကုမ္ပဏီရုံးသို့ဖြစ်စေ၊ ဖုန်း-၀၁-၂၅၆၅၀၁၊ ၀၁-၂၅၆၅၀၂ နှင့် ၀၁-၂၅၆၅၀၃ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၆၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် ယာယီပိတ်ထားမည့်လမ်းကြောင်းနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်း သတ်မှတ်ကြေညာချက် ထပ်မံပြင်ဆင်ဖြည့်စွက်

နေပြည်တော် ဇူလိုင် ၁၇

(၆၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် ယာယီပိတ်ထားမည့်လမ်းကြောင်းနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်း သတ်မှတ်ကြေညာချက်ကို ဇူလိုင် ၁၇ ရက်ထုတ် သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါကြေညာချက်တွင်-

အာဇာနည်ဗိမာန်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်း စသည့် လုံခြုံရေးကို ထိခိုက်စေမည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါကြောင်းဖြင့် သက်ဆိုင်ရာက ယနေ့ ထပ်မံပြင်ဆင် ဖြည့်စွက်ကြေညာသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ပုထုဇဉ်ရဲ့ငယ်နာမည်ဖျောက်ပါ ပဋ္ဌိစ္စသမုပ္ပာဒ်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၀)**
၈း၅၀ တောင်စလင်းတိုက်သစ်ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်း၏ဒါနကုသိုလ်
၉း၀၅ အရည်အသွေးမြင့်တင်ဈေးကွက်ဝင်ရော်ဘာစိုက်ပျိုးဝင်ငွေတိုး
၉း၂၀ ထူးခြားဆန်းပြားတဲ့ကြပ်ကြာရဲ့ကုသ်ပွဲ
၉း၄၀ PRARAM 9 HOSPITAL (Part-3)
၁၀း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
၁၀း၂၅ The Champion of Dance
၁၁း၁၀ Celebrity Choice
၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅ စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၃၀ IBTC မှ. . . မေတ္တာဝေ ပြည်သူတွေကျန်းမာစေ
၁း၀၀ "ပုထုဇဉ်ရဲ့ငယ်နာမည်ဖျောက်ပါ ပဋ္ဌိစ္စသမုပ္ပာဒ်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၅ FMF Selection
၂း၅၀ Steel King Co., သစ်ဖွင့်ပွဲ အခမ်းအနား
၃း၀၅ Activities In The City
၃း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၆၈)**
၄း၀၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၀)**
၅း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဂျက်မ"
၅း၂၅ အကြောတက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk [ဦးစိုးညွှန့်(မြန်မာနိုင်ငံငှက်အသင်းဥက္ကဋ္ဌ)၊ မျိုးမြတ်သူ]
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၉)**
၇း၃၀ ဗီဒီယိုပြခန်း
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၁)**
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၀ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ သုံးစွဲကြ(အင်းလေး)
၁၁း၁၀ International Show Biz
၁၁း၂၅ စေတနာအမှန်ဖြင့်
၁၁း၄၀ ဈေးဝယ်လမ်းညွှန်
၁၂း၀၀ ကလေးများအတွက်ပါးစပ်ထဲက သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၂း၁၀ Box Office Movies
၁၂း၃၀ ကျန်ရစ်ခဲ့သောခြင်ထောင်လေး တစ်လုံး
၁၂း၄၅ ဘဝများ (တင်မိုးလွင်)
၁း၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၃၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန် ဆင်စခန်းမှာ
၂း၀၀ ဘယ်သူ့ကိုအချစ်ဆုံးလဲ
၂း၁၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ဧရာဝတီရဲ့တေးနရီ ရသစုံလီ ရခိုင်စာပီ
၄း၂၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၄း၃၅ နည်းပညာအစွမ်းထက် SOLAR HUT
၄း၄၅ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့်သာသနာ
၅း၀၀ အစီအစဉ်ပြီး။

အော်ဂဲနစ်မြန်မာကြက်များ ဈေးကွက်ဝင်၍ ဈေးကောင်းရ

မောင်အောင် (မွေးကု)

"ကဲ မောင်အောင်ရေ မင်းကို ငါတစ်ခုမေးစရာရှိတယ်။ အော်ဂဲနစ်အသီး၊ အော်ဂဲနစ်ကြက်ဆိုတာ ဘာလဲကွ။ ဟိုတစ်နေ့က ရေဒီယိုနားထောင်ရင်း ကြားလိုက်ရတယ်။ ငါတို့လဲ အသက် (၇၀) ကျော်ပါပြီကွာ။ ဒီအော်ဂဲနစ်အသီးတို့၊ ကြက်တို့ဆိုတာ တစ်ခါမှ မကြားဖူးဘူး"

အမေ့ရွာသို့ အလည်အပတ်ရောက်နေသည့် ကျွန်တော့်ကို ဦးကြီးက မေးမြန်းလာခြင်းဖြစ်ပါသည်။ ဦးကြီးက စာဖတ်သည်။ ရေဒီယိုနားထောင်သည်။ ရွာမှာနေသော်လည်း စာပေဗဟုသုတလေ့လာလိုက်စားသူဖြစ်သည်။

"အော်ဂဲနစ်ဆိုတာ သဘာဝအတိုင်း စိုက်ပျိုးတာ၊ ဆောင်ရွက်တာလို့ ပြောရမှာပါ ဦးကြီး။ အော်ဂဲနစ်အသီးဆိုတာက ဒီသီးပင်စားပင် စိုက်ကတည်းက ဓာတ်မြေသြဇာတို့၊ ရွက်ဖျန်းမြေသြဇာတို့ မသုံးဘဲ သဘာဝနွားချေးမြေသြဇာ၊ သစ်ရွက်ဆွေးမြေသြဇာတို့နဲ့ စိုက်ပျိုးရှင်သန်တဲ့ အပင်မျိုး၊ အသီးမျိုးကို ဆိုလိုတာပါ။ အဲဒီလိုပါပဲ အော်ဂဲနစ်ကြက်ဆိုတာက သဘာဝအစာကို စားပြီး ရှင်သန်ကြီးထွားတဲ့ ကြက်မျိုးကို ဆိုလိုတာပါ"

"မင်းပြောသလိုဖြင့် အော်ဂဲနစ်ကြက်က ဒို့အိမ်မှာ ရွာမှာ လွှတ်ပြီး မွေးထားတဲ့ ကြက်၊ အိမ်ကြက်၊ တိုင်းရင်းကြက်ကို ပြောတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီး၊ အိမ်ကြက်၊ တောကြက်၊ တိုင်းရင်းကြက်ကို ပြောတာပါ"ကျွန်တော်တို့ တိုင်းရင်းကြက်က အရသာကျတော့ မွေးမြူရေးကြက်နဲ့ တခြားစီပဲလေ။ ဦးကြီးလဲအသိသားနဲ့"

"အေး ဒါတော့ဟုတ်တယ်ကွ၊ မင်းတို့ မွေးမြူရေးကြက်က အသားက ပွစိစိနဲ့ ချက်တော့လဲ တစ်ရေလောက်ခန်းအောင်ချက်လိုက်ရင် အသားက အရည်ပျော်သွားပြီ။ ငါတို့ တိုင်းရင်းကြက်က အသားကချို၊ တစ်ရေလောက်ခန်းအောင်ချက်ပြီးရင် ပိုပြီးချိုလေပဲ။ ပြီးတော့ ဘူးသီးလေးနဲ့များ ကာလသားချက် ချက်ပြီးစားရင် ဆွေမျိုးကို မေ့ရော"

ဦးကြီးက တိုင်းရင်းကြက်၊ အိမ်ကြက်အကြောင်းပြောရ၍ အားပါးတရ ရှိနေသည်။

"ဒါနဲ့ ဒို့မြန်မာ အိမ်ကြက်၊ တိုင်းရင်းကြက်တွေ ဘယ်နှမျိုးလောက်ရှိသလဲ"

"ကျွန်တော်တို့ မြန်မာတိုင်းရင်းကြက် ရှစ်မျိုးလောက်ရှိပါတယ်။ အဲဒါတွေကတော့ တိုက်ကြက်၊ ရိုးကြီး၊ အင်ပင်ဝ၊ စစ်တကောင်း၊ လည်ပြောင်၊ ညောင်ကန်၊ ကြက်တိန်ညင်နဲ့ ရွှေတစ်ဆုပ်တို့ဖြစ်ပါတယ်"

"မင်းပြောပြမှ ဒို့တိုင်းရင်းကြက်မျိုးတွေက မနည်းပါလားကွ။ ဒီကြက်တွေက များများစားစားရော ရှိသေးရဲ့လား"

"ရှိပါတယ် ဦးကြီး။ ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့နှစ် စာရင်းအရ ကြက်ကောင်ရေ သန်း ၁၅၀ လောက်ရှိပါတယ်။ အဲဒီမှာ ၈၇ ရာခိုင်နှုန်းက တိုင်းရင်းကြက်ပါ။ ကျန်တဲ့ ၁၃ ရာခိုင်နှုန်းက မွေးမြူရေးကြက်ပါ။ ဦးကြီးလဲ သတိထားမိမှာပေါ့။ ပြီးခဲ့တဲ့နှစ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တုန်းက ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပြည်ပက ကြက်ပေါက်တင်သွင်းခွင့်တွေ ခေတ္တပိတ်ခဲ့တယ်။ ဒါပေမယ့် ကြက်ဥ၊ ကြက်သားဈေးသိပ်ပြီး တက်တာ ကျတာမရှိဘူး။ အဲဒါ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းကြက်က အဓိကဖြစ်နေလို့ ကြက်ဈေးတက်တာတို့၊ ရှားပါးတာတို့ မဖြစ်တာပါ"

"ဒါနဲ့ အစ်ကို၊ အစ်ကို စောစောကပြောတဲ့ ကျွန်တော်တို့ တိုင်းရင်းကြက်က ဘာ့ကြောင့် မွေးမြူရေးကြက်ထက် ကောင်းရတာလဲ။ အသားတွေထဲမှာ ဘယ်အသားက အားအရှိဆုံး၊ အာဟာရအဖြစ်ဆုံးလဲ"

ကျွန်တော်နှင့် ဦးကြီး၏ စကားဝိုင်းတွင် စိတ်ပါဝင်စားစွာ နားထောင်နေသည့် ဖိုးထောင်က တစ်စခန်းထလာသည်။ ဖိုးထောင်က ရှစ်တန်းကျောင်းသား။ ကျွန်တော့်အစ်ကိုဝမ်းကွဲ ဦးလေးမြင့်၏သား။

"အေး အသားတွေထဲမှာ ကယ်လိုရီခေါ်တဲ့ စွမ်းအင်အများဆုံးရတာကတော့ ဝက်သားပဲ။ ဝက်သား သုံးထပ်သား ၁၀၀ ဂရမ်ကနေ ကယ်လိုရီ ၄၅၇ ရနိုင်တယ်။ ဘဲသား ၁၀၀ ဂရမ်က ကယ်လိုရီ ၂၂၄ ရနိုင်ပြီး ဆိတ်သား ၁၀၀ ဂရမ်က ကယ်လိုရီ ၁၇၈၊ အမဲသား ၁၀၀ ဂရမ်က ကယ်လိုရီ ၁၅၀နဲ့ ကြက်သား ၁၀၀ ဂရမ်က ကယ်လိုရီ ၉၉ လောက်ရနိုင်တယ်။ ၁၀၀ ဂရမ်ဆိုတာက မြန်မာအလေးချိန်နဲ့တွက်ရင် ခြောက်ကျပ်တစ်မတ်သားကို ပြောတာ။ ပရိုတင်းလို့ခေါ်တဲ့ အသားဓာတ်ကျတော့ ကြက်သားက ၁၈ ဒသမ ၈၊ အမဲသားက ၁၇ ဒသမ ၂၊ ဘဲသားက ၁၅ ဒသမ ၅၊ ဆိတ်သားက ၁၂ ဒသမ ၇ နဲ့ ဝက်သားက ၁၁ ဒသမ ၉ ပါတယ်။ ဒီဂဏန်းတွေက ဒို့မြန်မာ့အစားအစာနှင့် အာဟာရဗေဒဓာတ်ခွဲခန်းက တွက်ချက်ထားတာ၊ မြန်မာပြည်က အသားတွေရဲ့ အာဟာရဓာတ်ပါဝင်မှုကို ပြောတာ"

ဒီတစ်ပတ်စကားဝိုင်းက မြိုင်ဆိုင်လှသည်။ ကျွန်တော်တစ်ယောက်တည်း အပြောသမားမဟုတ်တော့၊ ဦးကြီးဖတ်မှတ်ထားသမျှ **" သက်ကြီးစကား သက်ငယ်ကြား"** ရပေတော့သည်။

"ကျွန်တော်တို့ တိုင်းရင်းကြက်က ဈေးကောင်းရောရသလား၊ မွေးမြူရေးကြက်နဲ့ ဈေးဘယ်လိုကွာခြားမှုရှိသလဲ"

တစ်ချိန်လုံး ငြိမ်၍နားထောင်နေသည့် ကိုသာဝက ဝင်၍ မေးလာသည်။ သူ့လယ်တဲတွင် တိုင်းရင်းကြက်တွေ အကောင် ၁၀၀ လောက် မွေးထားသည်။

"ဈေးကောင်းသိပ်ပြီးရတာပေါ့ဗျာ၊ မွေးမြူရေးကြက်အရှင်က ခြံဖမ်းဈေးကျပ် ၃၅၀၀ ဆိုရင် တိုင်းရင်းကြက်က အနည်းဆုံး ၄၀၀၀-၄၅၀၀လောက်ရှိတယ်။ လက်ရှိအနေအထားဆိုရင် ရန်ကုန်မှာ တစ်နေ့ ကုန်တက် ကြက်သားပိဿာ ၅၀၀၀၀၊ ဝက်သား ပိဿာ ၅၀၀၀၀၊ အမဲသားပိဿာ ၂၀၀၀၀ လောက်နဲ့ ဆိတ်သား ပိဿာ ၁၀၀၀၀လောက်ရှိတယ်။ နေပြည်တော်မှာလည်း တစ်နေ့ကို ကြက်သားပိဿာ ၁၂၀၀၀၊ ဝက်သားပိဿာ ၄၀၀၀၊ အမဲသားပိဿာ ၃၀၀၀လောက်နဲ့ ဆိတ်သားပိဿာ ၅၀၀ လောက်ရှိတယ်။ ရောင်းအကောင်းဆုံးက ဒေသကြက်၊ တိုင်းရင်းကြက်ပဲ၊ အော်ဂဲနစ်ကြက်ပဲ၊ အော်ဂဲနစ်ကြက်မရှိမှ မွေးမြူရေးကြက်ကို ဝယ်ကြတာ"

"အေး မောင်အောင်ရေ၊ မင်းပြောသလိုဖြင့် ငါတို့ အော်ဂဲနစ်မြန်မာကြက်တွေက ဈေးကွက်ဝင်ပြီး ဈေးကောင်းရနေသပေါ့၊ ဝမ်းသာသကွာ"

ဦးကြီးက အားပါးတရ ဝမ်းသာအားရ ပြောလာသည်။

ဒါတင်ဘယ်ကမလဲ ဦးကြီးရဲ၊ ကျွန်တော်တို့ အော်ဂဲနစ်ကြက်တစ်သုတ်၊ ကြက်ဖတစ်ကောင်၊ ကြက်မ ၁၀ ကောင် မွေးထားရင် ကြက်မတစ်ကောင်က တစ်ကြိမ်ကို ၁၀လုံး-၁၂လုံးဥမယ်။ အဲဒီတော့ တစ်နှစ်ကို အနည်းဆုံးသုံးကြိမ်ဥမယ်ဆိုရင် ၃၆ -၄၀ လောက်ရမယ်။ ကြက်မ ၁၀ ကောင်ဆိုရင် တစ်နှစ်ကို ကြက်ဥ ၃၆၀-၄၀၀ လောက်ရမယ်"

"အဲဒီမျိုးကြက်ဥ ၃၆၀ကနေ ၆၀ ရာခိုင်နှုန်းမျိုးအောင်ရင် မျိုးဥ ၂၀၆ လုံးရမယ်။ အဲဒီမျိုးဥ ၂၀၆ လုံးက ၈၀ ရာခိုင်နှုန်း သားပေါက်မယ်ဆိုရင် ကြက်ငယ် ၁၇၂ ကောင်ရမယ်။ အဲဒီသားပေါက်ကြက်ငယ် ၁၇၂ ကောင်က ၇၀ ရာခိုင်နှုန်း အဖတ်တင်ရင် သားခွဲကြက် အကောင် ၁၂၀ ရမယ်"

"အဲဒီသားခွဲကြက် အကောင် ၁၂၀ ကနေ ၈၀ ရာခိုင်နှုန်း ဈေးကွက်ပို့မယ်ဆိုရင် ၉၆ ကောင် ရောင်းရမယ်။ တစ်ကောင် ၆၀ ကျပ်သားဆိုရင် ၅၇ ပိဿာရမယ်။ တစ်ပိဿာကို အနည်းဆုံး ၂၀၀၀ ဈေးရမယ်ဆိုရင် ငွေကျပ် ၁၁၄၀၀၀ လောက်ရမယ်"

"ဟ ကိုအောင်ရဲ၊ ၂၀၀၀ ကတော့ နည်းလွန်းပါတယ်။ မင်းဥစ္စာက ရွာမှာ ကြက်လာလာပြီး ကောက်နေတဲ့ ကြက်ကုလားပီဈေးကျနေတာပဲ။ ဈေးနှိမ်မှ နှိမ်ပါလား။ မင်းစောစောကပြောတော့ ရန်ကုန်မှာ ၄၀၀၀-၄၅၀၀ ဆို"

ကိုသာဝက သူ့ကြက်ဈေးလျှော့ကောက်သည်ကို လက်မခံနိုင်၊ တန်ရာတန်ကြေးရချင်ပုံရသည်။

"ကိုသာဝကလဲ ကျွန်တော်ပြောပြီးပါရော၊ အနည်းဆုံးဈေးနဲ့ အနည်းဆုံးနှုန်းတွေနဲ့ ကျွန်တော်တွက်တာပါဆို။ ဒီထက်ကြက်ပိုပြီးဖြစ်မယ်၊ ဒီ့ထက်ဈေးပိုရမယ် ဆိုရင် ဝင်ငွေပိုရတာပေါ့။ စောစောက ကျွန်တော်ပြောတဲ့ တစ်နှစ် ဥတဲ့ ကြက်ဥ ၃၆၀မှာ မျိုးဥရွေးပြီး ကျန်တဲ့ ပယ်ဥ ၁၄၄ လုံးကို တစ်လုံး ၆၀ ကျပ်နဲ့ ရောင်းမယ်ဆိုရင် ငွေကျပ် ၈၆၄၀ ရဦးမယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရွာတွေမှာ ကြက်ဖတစ်ကောင်၊ ကြက်မ ၁၀ ကောင် မွေးထားမယ်ဆိုရင် တစ်နှစ်ကို ငွေကျပ် ၁၂၂၀၀၀ ကျော် ဝင်ငွေရမှာ"

"ဒါ့အပြင် **ကြက်မ ကိုးကောင်၊ ကိုးလရှောင် တစ်နေ့တစ်ကောင်စား** ဆိုတာ ကျွန်တော်တို့ တပ်မတော်မှာ တာဝန်ထမ်းဆောင်တုန်းက ပြည်သူ့တပ်မတော်စာစဉ်မှာပါခဲ့တာ။ ကြက်မ ကိုးကောင်ကိုသာ ကိုးလမစားဘဲ ဆက်ပြီးမွေးခဲ့ရင် တစ်သက်လုံး ကြက်သား တစ်နေ့တစ်ကောင်စားလို့ရတဲ့ အကြောင်း တွက်ချက်ပြထားတာ"

"နောက်တစ်ခုက ကြက်တွေ ဆောင်းအဝင်မှာ ကြက်လည်လိမ်ရောဂါ ဖြစ်တတ်တယ်။ ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဌာနက အိုင်တူးအပူဒဏ်ခံ ကြက်လည်လိမ်မျက်စဉ်းကာကွယ်ဆေးထုတ်ထားတာရှိပါတယ်။ ကာကွယ်ဆေးဆိုတာက ရောဂါပိုးကို အားပျော့အောင်လုပ်ပြီး ထုတ်ထားတာကြောင့် အပူဒဏ်ခံဆိုပြီး နေပူထဲမှာ ထားလို့တော့မရဘူး၊ နေရိပ်မှာထားမယ်၊ လေးလတစ်ကြိမ်ပုံမှန်မျက်စဉ်းခတ်သွားရင် ကြက်လည်လိမ်ရောဂါ လုံးဝမဖြစ်ပါဘူး"

"နောက်ပြီး ကြက်တွေမှာ ဖြစ်တတ်တဲ့ ကြက်ဝမ်းကျရောဂါပဲ။ ကြက်တွေ ကုပ်မယ်၊ မှိုင်မယ်၊ ဝမ်းသွားပြီး သေတာမျိုးပဲ။ ဒီကာကွယ်ဆေးကိုလည်း ဆေးစက်တို့ပြီး တောင်ပံမှာ ခြစ်ပေးရုံနဲ့ ကာကွယ်ပြီးသားဖြစ်ပါတယ်။ ဒီကာကွယ်ဆေးက ခြောက်လတစ်ကြိမ် ထိုးရတာ။ ဒီကာကွယ်ဆေး နှစ်မျိုးကိုသာ ပုံမှန်ကာကွယ်သွားမယ်ဆိုရင် ကြက်နာတာ၊ သေတာ လုံးဝမဖြစ်နိုင်ပါဘူး"

"အေးကွာ၊ တကယ်တမ်းတော့ ဒို့တောင်သူလယ်သမားတွေဟာ စပါးပေါ်ချိန်မှ ငွေရွှင်ပြီး စပါးစိုက်ချိန် ၄-၅ လတော့ အနည်းနဲ့ အများငွေလိုကြတယ်။ မင်းအခုရှင်းပြသလို အော်ဂဲနစ်ကြက်ကလေးသာ နှစ်သုတ်လောက် မွေးထားလိုက်ရရင် အပိုဝင်ငွေလေးရပြီး ကလေးကျောင်းစရိတ်ရော၊ စားစရိတ်ရော ပူစရာမလိုတော့ဘူးပေါ့"

ဦးကြီးက တွေးတွေးဆဆ ပြောလာသည်။

"ကျုပ်ကတော့ အော်ဂဲနစ်ကြက်တွေ ကနေ့ကစပြီး ထပ်တိုးမွေးတော့မယ်ဗျာ" ကိုသာဝက ဝမ်းသာအားရပြောလာပါသည်။

ကျွန်တော်တို့ **"တောင်သူများ ဝင်ငွေတိုးဖို့ အော်ဂဲနစ်မြန်မာကြက်များများ မွေးကြစို့"** ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ သန့်စွာကိုင်လေ စက္ကူငွေ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
- ၄း၄၅ ၇။ လျှပ်တစ်ပြက်
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၁၉)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၅)**
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ ဒို့တာဝန်အရေးသုံးပါး
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၆) (ဇာတ်သိမ်း)**
- ၂၄။ Mini Series



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ အလှူရှင် Mr. Giuseppe Rotondella က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည် လက်ခံစဉ်။ (သတင်းစဉ်)

အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ အလှူရှင် Mr. Giuseppe Rotondella က ငွေကျပ် ၁၄၁၈၁၀၉၀ တန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်တို့သည် ကွန်ပျူတာသင်တန်းခန်းမကို ဖွင့်လှစ်ပေးကြပြီး ကွန်ပျူတာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၁၇

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် စုပေါင်းလှူဒါန်းပွဲကျင်းပပြီး (၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်ကချီးမြှင့်သော ဘွဲ့တံဆိပ်နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရသူများအား ဆုချီးမြှင့်ခြင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် မြို့နယ်အသင်းသို့ အလှူငွေကျပ်တစ်သိန်းနှင့်အထက် လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းတို့ ပြုလုပ်မည်ဖြစ်ရာ သူရဦးအောင်ကြည် ဖုန်း-၆၁၀၅၅၄၊ ဦးအုန်းလွင် ဖုန်း-၅၄၁၈၁၈၊ ဦးအေးဝင်း ဖုန်း-၃၉၄၅၁၂၊ ဦးလှဝင်း ဖုန်း-၀၉-၅၀၁၃၇၄၄၊ ဒေါ်ကြင်စိန် ဖုန်း-၂၉၄၄၈၄ နှင့် ဒေါ်မူမူလှ ဖုန်း-၅၇၃၇၇၈ တို့သို့ အချိန်မီဆက်သွယ်ကြရန်နှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီမျှအောင် ဆောင်ရွက်
စက်ရုံ၏ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်အောင် အထူးအလေးထား

ရန်ကုန် ဇူလိုင် ၁၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)၏ ကုန်ထုတ်လုပ်ငန်းများနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်၊ စက်ရုံ၏ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်အောင် အထူးအလေးထားဆောင်ရွက်ရန်၊ ထို့အပြင် ယခုအချိန်သည် စိုက်ပျိုးရေးရာသီချိန်ဖြစ်သည့်အပြင် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားအောင် နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် တောင်သူလယ်သမားများအနေဖြင့် ဈေးနှုန်းသက်သာ အရည်အသွေးမြင့်မားသည့် ပြည်တွင်းထုတ် ယူရီးယားဓာတ်မြေဩဇာများကို တိုးမြှင့်သုံးစွဲခွင့်ရရှိအောင် ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးသွားရန်စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ ဓာတ်မြေဩဇာ ထုတ်ယူနေသည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ မေးမြန်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတ ကမ်းလွန်အခြေစိုက်စခန်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံတကာ ရေနံကုမ္ပဏီများနှင့် ဆက်စပ်၍ လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ပေးနေရသောဌာနဖြစ်သည်နှင့်အညီ မိမိတို့က ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံခြားငွေ တိုးမြှင့်ရရှိနိုင်သော အခွင့်အလမ်းများ ရရှိနိုင်ပေရာ မိမိတို့၏ လုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်သွားရန် ဆွေးနွေးမှာကြားပြီး စခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတ ကမ်းလွန်အခြေစိုက်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ခနောင်တိုချောင်းနှင့် တွံတေးတူးမြောင်းဆုံရာနေရာ၌ ရေတိုက်စား၍ အရှည်ပေ ၅၀ ခန့် ကမ်းပါးပြိုကျပြီး သဘော်ာ အဝင်အထွက်ပြသည့် ရေကြောင်းအချက်ပြ ဗောတင်ဗောချတိုင်ပြိုကျမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စီးပွားရေးအစီအစဉ်ရေးဆွဲပြိုင်ပွဲ(၂၀၁၁) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ စီးပွားရေးအစီအစဉ်ရေးဆွဲပြိုင်ပွဲ(၂၀၁၁) (Myanmar Business Plan Competition MBPC-2011) ကို Be a Pioneer, Be a Professional ဆောင်ပုဒ်ဖြင့် ဩဂုတ် ၇ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် KBZ Bank မှ Platinum Sponsor အဖြစ်နှင့် Cannon မှ Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးသည်။

ပြိုင်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပညာရပ်နယ်ပယ်အသီးသီးတွင် လေ့လာသင်ယူနေသော မြန်မာလူငယ်များအကြား စွန့်ဦးတီထွင်လုပ်ကိုင်လိုသော စိတ်ဓာတ်များ ဖြစ်ထွန်းလာစေရန်နှင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းအကြံဉာဏ်များကို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရာတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများတွင် ဦးစီးဆောင်ရွက်ရာတွင်လည်းကောင်း အသုံးချတတ်စေရန်ဖြစ်ပြီး ပြိုင်ပွဲကို အသက်(၁၈)နှစ်မှ (၂၄)နှစ် အတွင်းရှိ စီးပွားရေးပညာရပ်များကို လေ့လာနေသော ကျောင်းသားများသာမက နယ်ပယ်အသီးသီးရှိ ကျောင်းသားလူငယ်များအတွက်ပါ ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကာ တစ်ဖွဲ့လျှင် နှစ်ဦးမှ လေးဦးအထိ ဝင်ရောက် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ဝင်ကြေးအနေဖြင့် တစ်သင်းလျှင် ငွေကျပ်တစ်သောင်း သတ်မှတ်ထားပြီး မရွေးချယ်ခံရသောအသင်းအား ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကာ နောင်နှစ်များတွင်လည်း ပြိုင်ပွဲအမျိုးအစားများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

တီထွင်ဆန်းသစ်သော သင်ပြနိုင်မှုစွမ်းရည်တို့ကို အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ပြီး ဆုကြေးအနေဖြင့် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း အပြင် အထူးဆုများအနေဖြင့် တီထွင်ဆန်းသစ်နိုင်ဆု၊ အသင်းအဖွဲ့လိုက် စုစည်းတင်ပြမှုတို့ဖြစ်ပြီး ဆုကြေးငွေကျပ် တစ်သိန်းစီ အသီးသီးချီးမြှင့်မည်ဖြစ်ရာ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်သတင်းအချက်အလက်များကို PS Business School စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သရီး(ဒီ) ဖုန်း-၅၂၄၄၈၂ နှင့် ၅၀၀၅၃၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆရာ၊ ဆရာမများအနေဖြင့် စေတနာထက်သန်စွာ ဆောင်ရွက်ပေး
ကလေးများ၏ ပညာသင်ယူမှုအခွင့်အလမ်းကို တတ်စွမ်းနိုင်သည့်ဘက်က ကူညီပံ့ပိုး

ရန်ကုန် ဇူလိုင် ၁၇

အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားရာတွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ကျောင်းပြင်ပမူလတန်းပညာရေး လုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာ၊ ဆရာမများ အနေဖြင့် စေတနာထက်သန်စွာ ကူညီပံ့ပိုး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ ယူနီဆက်နှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်သည့် ပညာရေးအစီအစဉ်ဖြစ်သည့်အတွက် ယူနီဆက်နှင့်အလှူရှင်များက ငွေကြေး ပစ္စည်း ထောက်ပံ့သကဲ့သို့ ပညာရေးဝန်ကြီးဌာနမှ ပညာရေးဝန်ထမ်းများ အနေဖြင့် မိမိတို့နိုင်ငံမှ နိုင်ငံသား ကလေးများ၏ ပညာသင်ယူမှုအခွင့်အလမ်းကို တတ်စွမ်းနိုင်သည့်ဘက်က ကူညီပံ့ပိုးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်း ဆောင်ရွက်မည့် မြို့နယ်များအတွက်အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးက အခြေစိုက်စခန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခန့်အပ်လွှာများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စွမ်းဆောင်ရည်အကောင်းဆုံးဆု ရရှိသူများအား ဆုများချီးမြှင့်ကာ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ အခြေစိုက်စခန်း ၆၈ခု ဖွင့်လှစ်၍ ကျောင်းပြင်ပမူလတန်း ပညာသင်ကြားရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် ခနောင်တိုချောင်းနှင့် တွံတေးတူးမြောင်းဆုံရာနေရာ၌ ရေတိုက်စား၍ အရှည်ပေ ၅၀ ခန့် ကမ်းပါးပြိုကျပြီး သဘော်ာ အဝင်အထွက်ပြသည့် ရေကြောင်းအချက်ပြ ဗောတင်ဗောချတိုင်ပြိုကျမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသောင်းလွင်က ကမ်းပါးပြိုကျမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်သိန်းက ဌာနမှအရေးပေါ် ကမ်းပါးထိန်းသိမ်းရေး ဆောင်ရွက်မည့် အစီအမံများနှင့် ရေထိန်းနံရံ ဆက်လက်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အမြန်စတင်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာ အနုပညာရပ်ဝန်း

Transformers 3 ဒါရိုက်တာနှင့် သရုပ်ဆောင်များ ရှန်ဟိုင်းသို့ ရောက်ရှိ

Transformers ဇာတ်ကားများကို ဖန်တီးခဲ့သူ ဒါရိုက်တာ မိုက်ကယ်လ်ဘေးနှင့် နောက်ဆုံးရိုက်ကူးခဲ့သည့် Transformers: Dark of the Moon ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် မင်းသား ရှာလေဘော့ဖ်နှင့် မင်းသမီး ရိုစီဟန်သီတန်ဝှိုက်တလေတို့သည် ယင်းဇာတ်ကားကို တရုတ်ပြည်မကြီးတွင် အရောင်းမြှင့်တင်ရေးပြုလုပ်ရန် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ ရောက်ရှိလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

Transformers: Dark of the Moon ဇာတ်ကားကို တရုတ်ပြည်မကြီး၌ ဇူလိုင်၂၁ ရက် တွင် စတင်ပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားသည် မြောက်အမေရိက ရုပ်ရှင်ဈေးကွက်တွင် ရုံတင်ပြသပြီး နှစ်ပတ်ကြာသည်အထိ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်လျက်ရှိသည်။

အရောင်းမြှင့်တင်ရေးပွဲတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် တရုတ်သတင်းမီဒီယာများက ယခင် Transformers 1,2 ဇာတ်ကားများတွင် မင်းသမီး မီဂန်ဖော့စ်နှင့် ရိုက်ကူးခဲ့ပြီး ယခု Transformers 3 ဇာတ်ကားတွင် မင်းသမီး ရိုစီကို အစားထိုးရိုက်ကူးခဲ့မှုနှင့် ပတ်သက်ပြီး ဒါရိုက်တာ၏ ရွေးချယ်မှုကို စိတ်ဝင်တစား မေးမြန်းခဲ့ကြသည်။



ယင်းမေးမြန်းမှုနှင့် ပတ်သက်ပြီး ဒါရိုက်တာဘေးက သတင်းထောက်များကို ပြောကြားရာတွင် "ကျွန်တော်က အသစ်အဆန်းကို လိုချင်တာဗျ၊ ပထမဇာတ်ကားမှာ ယောက်ျားလေးနဲ့ မိန်းကလေးတွေ့တယ်၊ ဒုတိယဇာတ်ကားမှာလည်း သူတို့နှစ်ယောက်ပဲ၊ တတိယဇာတ်ကားမှာ သူတို့ရဲ့အသက်က (၂၂) နှစ်ပဲ ရှိသေးတာ။ ဒီအရွယ်လေးတွေကို ကျွန်တော်က အိမ်ထောင်ချပေးလိုက်ရတော့မှာလား။ ဒါကြောင့် ကျွန်တော်က မင်းသမီးသစ်ကို ရွေးချယ်လိုက်တာပါ" ဟုဆိုကာ အနီးမှာထိုင်နေသည့် ရိုစီကို ညွှန်ပြပြီး "ကြည့်စမ်းပါဦးဗျာ။ ဘယ်လောက်လှလိုက်တဲ့ မိန်းကလေးလဲ။ သူလည်းအကောင်းဆုံးသရုပ်ဆောင်နိုင်ခဲ့တာပါပဲ" ဟု ပြောကြားသည်။

အင်တာနက်။

အောဝမ်းစိုး

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြင်းခြံခရိုင်အတွင်း မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများ တက်ရောက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သစ်ပင်စိုက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ အထိမ်းအမှတ်အဖြစ် တမာပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော ဦးဖုန်းဇော်ဟန်၊ ဦးမြင့်သန်း၊ ဦးအောင်ဇံနှင့် ဦးကျော်ဆန်းတို့က သတ်မှတ်နေရာများ၌ တမာပင်နှင့် ယူကလစ်ပင်များကိုလည်းကောင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ ယူကလစ်ပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်တစ်လုံး လျှစ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လျှစ်စစ်မြစ်ရေတင်လုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် ဆေးပဒေသာပင်နှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးကာ ဆေးရုံ၌ ကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် မြင်းခြံ ဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း၌ ကျင်းပသော မြင်းခြံမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ မဲဇလီ၊ တမာ၊ ယူကလစ်၊ ကုက္ကို၊ စိန်ပန်း၊ ခရေ၊ ရင်းမာနှင့် ကံ့ကော်ပင် စုစုပေါင်းအပင် ၁၁၀၀ ကို စိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြင်းခြံမြို့နယ် ဆိတ်ညံကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဆိတ်ညံလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လျှပ်စစ်မြစ်ရေတင်စက်များ၏ မြစ်ရေတင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ခုတင်(၁၀၀)ဆံ့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြင်းခြံမြို့ မြို့ဝင်မြို့ထွက် စံပြကွက်၌ တောင်သူ ဦးမြင့်ဟန်၏ လယ်မြေ ရှစ်ဧကတွင် ဆင်းသုခမျိုး နှမ်းစပါး အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သာမြို့သို့ ဆက်လက်ထွက်ခွာကာ တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် ညနေပိုင်းတွင် တောင်သာမြို့နယ် ဝဲလောင်ရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ကျောက်ရိုးစီရေထိန်းတမံ ပြုပြင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ယ နေ့ ဖတ် စ ရာ မှတ် စ ရာ

ဂေါ်ဖီထုပ်များ လှိုင်လှိုင်ထွက်သည့် ဆင်ကျေးရွာ

ဂေါ်ဖီထုပ်သည် အိမ်တိုင်း မကြာခဏ စားသုံးတတ်သော ဟင်းသီးဟင်းရွက်မျိုးဖြစ်သည်။ စားသုံးရန်ကောင်းသည့်အပြင် ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်သော ဟင်းသီးဟင်းရွက်မျိုးဖြစ်၍ လူတိုင်းလိုလို စားသုံးနိုင်ရာ ကလေးမြို့နယ် ဆင်ရွာမှ ဂေါ်ဖီထုပ်စိုက်ပျိုးထုတ်လုပ်ပုံကို တင်ပြလိုက်ရပါသည်။

"ဆင်ရွာမှာ အခြားစီးပွားရေးမရှိပါဘူး၊ ဟင်းသီးဟင်းရွက်စိုက်တာတော့ အနှစ်(၂၀)လောက်ကြာပြီ၊ လယ်လုပ်သူအိမ် ၅၀ ခန့်က လယ်ဧက ၃၅၀ ခန့်ရှိတယ်၊ သီးနှံစိုက်ပျိုးတဲ့ကာလ ၆ လကျော် ၇ လခန့်ကာလအတွင်းမှာ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီများကို သုံးသီးလောက်ရအောင် စိုက်ရပါတယ်။ တစ်သီးစိုက်လျှင် ဂေါ်ဖီထုပ်အလုံးပေါင်း သိန်းနှင့်ချီ ရောင်းရတယ်။ ဂေါ်ဖီထုပ်တစ်လုံးကို အလေးချိန်တစ်ပိဿာအထိ ရှိအောင်ထားပါတယ်။ တစ်ပိဿာရှိတာနဲ့ ထုတ်ရောင်းပါတယ်။ ကြီးအောင် မထားဘူး၊ တစ်ပိဿာထက် အလေးချိန်ပိုသွားရင် တောင်သူများက ရှုံးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောင်းတဲ့နေရာမှာ တစ်လုံးကို တစ်ပိဿာနှုန်းနှင့်ပဲ တွက်တယ်။ ဝယ်ယူသူက တစ်ပိဿာကျော်လည်း တစ်ပိဿာနှုန်းပဲ ပေးတာကိုး၊ ရောင်းဈေးကတော့ တစ်နှစ်နှင့်တစ်နှစ်၊ တစ်လနှင့်တစ်လ မတူဘူး၊ အတက်အကျရှိတယ်၊ အခုလောလောဆယ်မှာတော့ ဂေါ်ဖီထုပ် တစ်ပိဿာကို ဖောက်သည်ဈေး ကျပ် ၂၀၀၊ လက်လီ ကျပ် ၂၅၀ လောက်ရှိတယ်၊ ပန်းဂေါ်ဖီကျတော့ ကျပ် ၅၀၀ ကျော်၊ ကျပ် ၆၅၀ ခန့်ရှိတယ်"ဟု တောင်သူတစ်ဦးက ရှင်းပြခဲ့ပါတယ်။

ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းသည် ကာလတိုအတွင်း ဝင်ငွေများများရရှိနိုင်သည်ဖြစ်၍ တောင်သူများ ဟင်းသီးဟင်းရွက် များများ စိုက်ပျိုးသင့်ပါကြောင်း တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

သတင်းမှတ်စု - ဒီဒိုင်း

မိုးနဲမြို့နယ် ဆိုင်ဖယ်ရွာသစ် ကတ္တရာလမ်း၊ နားခါးချောင်းကူး ကွန်ကရစ်တံတားနှင့် မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ် ဆိုင်ဖယ်ရွာသစ် ကတ္တရာလမ်း၊ နားခါးချောင်းကူးကွန်ကရစ်တံတားနှင့် မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီတွင် အဆိုပါနေရာများ၌ ကျင်းပရာ ရှေးဦးစွာဆိုင်ဖယ်ရွာသစ်ကတ္တရာလမ်းနှင့် နားခါးချောင်းကူးကွန်ကရစ်တံတားဖွင့်ပွဲကို လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လမ်းပိုင်းဆိုင်ရာစာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ တာဝန်ရှိသူတို့က လွှဲပြောင်းပေးအပ်ကြသည်။

ယခုဖွင့်လှစ်သောလမ်းမှာလမ်းအရှည် ၁ ဒသမ ၅ မိုင်ဖြစ်ပြီး ငွေကျပ် ၄၅၅ သိန်းကုန်ကျခဲ့ကာ နားခါး ချောင်းကူးကွန်ကရစ်တံတားမှာ အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ၍ ကုန်ကျငွေကျပ်သိန်း ၂၅၀ ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဆိုင်ဖယ်ရွာသစ် မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောက်လုပ်မှု စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိပြီး စုစုပေါင်းကုန်ကျငွေ ကျပ် ၂၀၆ သိန်း ဖြစ်သည်။

(သတင်းစဉ်)

အင်းလျားကန်ဖျားကျောင်းတိုက်အတွင်း ဇေယျသိဒ္ဓိသိမ်တော်ကြီး ဆောက်လုပ်ရန် လားရှိုးမြို့ ရပ်ကွက်(၄)နေ မိခင်ကြီး နန်းဆမ်းရွက်၊ သားမောင်မင်းမင်းသိန်းတို့အား ရည်စူး၍ ဦးကျော်မြင့်-ဒေါ်ခမ်းဆာ(မိသားစု ဆန်ရောင်းဝယ်ရေး)မှ တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတထံ ကျပ်သိန်း ၃၀ လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်မြောက်ပိုင်းခရိုင် ပညာသင်စရိတ် ထောက်ပံ့

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၂၄ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် မထသ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး၊ မထသ(မြောက်ပိုင်းခရိုင်) ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့က ဆုချီးမြှင့်ငွေနှင့် ထောက်ပံ့ကြေးငွေများ အသီးသီး ပေးအပ်ချီးမြှင့်သည်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်(၄၀)ပြည့် ပတ္တမြားရတုသဘင် အခမ်းအနားနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှင့် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၂၇ ရက်က အထက(၅) ကေသရာဇာခန်းမ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန် အဖွင့်အမှာစကားပြောကြားစဉ်။ (၆၄)



သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးသင်တန်း သန်လျင်၌ ဖွင့်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သဘာဝဘေးကာကွယ်တားဆီးရေး သင်တန်းဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများသည် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းသို့ သန်လျင်မြို့နယ်အတွင်းရှိ အရန်မီးသတ်မှ သင်တန်းသား ၄၀၊ ကြက်ခြေနီတပ်ဖွဲ့မှ သင်တန်းသား ၄၀ စုစုပေါင်း ၈၀ တက်ရောက်ကြသည်။

(၅၂၇)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာရုံး၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

စကားဝါမြေ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ်နှင့် ဝန်းကျင်ဒေသများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား ငွေစုငွေချေးလုပ်ငန်းများဆောင်ရွက်ရာတွင် စာရင်းဇယားများကို တိကျမှန်ကန်စွာ ပြုစုပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားသည့် အစုအဖွဲ့အလိုက် တာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူအများ၏ ထောက်ခံအားပေးမှု၊ အားကိုးယုံကြည်မှု တိုးပွားလာစေရန် ဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် စကားဝါမြေ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း ဥက္ကဋ္ဌ ဦးသောင်းညွန့်နှင့် တာဝန်ရှိသူများက ကျောက်ပန်းတောင်းမြို့နယ် ဝန်းကျင်ဒေသများမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ ငွေစုငွေချေးအသင်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဆွေးနွေး အကြံပြုတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာရုံး၌ ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရည်မှန်းချက်ပြည့်မီစေရေး အလေးထားကြိုးပမ်းကြရန်၊ ဌာနအလိုက် တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်း၏ သဘောသဘာဝနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ဌာနနှင့်ဆက်သွယ်သူပြည်သူများကို စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တိုးမြှင့်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်မြင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာအောင်က ကျောင်းအတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မိတ္ထီလာခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ကျောင်းသူတစ်ဦးအား ပညာရည်ချွန်ဆု ပေးအပ်စဉ်။

(ဘ၇၉)

သမဝါယမအသင်းများ၏ ဝင်ငွေခွန်ကြိုတင်ပေးအပ်ပွဲ ကျင်းပ

ကနီ ဇူလိုင် ၁၇

၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်ရေးနှစ် သမဝါယမအသင်းများ၏ ဝင်ငွေခွန်ကြိုတင်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က ကနီမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကနီမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြပြီး သမဝါမယအသင်း ၁၁ သင်းမှ ဝင်ငွေခွန် ကြိုတင်ငွေ ၄၁၁၅၆ ကျပ်ကို ပြည်တွင်းအခွန်များဦးစီးဌာနမှူးထံ ပေးအပ်ခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း တွေ့ဆုံညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးတင်ဝင်း၊ ဦးအောင်သန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E.MR. ANUP KUMAR CHAKMAနှင့် စီးပွားရေးသံမှူး MD.ABDULLAH-AL-HASAN CHOWDHURY တို့သည် ဇူလိုင် ၅ ရက်တွင် ရန်ကုန်မြို့ ကုန်သည်/စက်မှု အသင်းချုပ်၌ တွေ့ဆုံပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရောင်းချနိုင်ရေး ကိစ္စရပ်များ၊ ပေါင်းဆန်တင်ပို့ ရောင်းချနိုင်ရေး ကိစ္စရပ်များ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ဆန်တင်ပို့ရောင်းချမည့် အခြေအနေကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ (ကြေးမုံ)

◆ကျောဖုံးမှ

ဆက်လက်၍ ဒေါက်တာစိန်လှဗိုလ်က စိုက်ပျိုးရေးနှင့်ပတ်သက်၍ အတွေးအခေါ်မှစပြီး ပြောင်းလဲရန် လိုအပ်ကြောင်း၊ စိုက်ပျိုးစရိတ်လျှော့ချပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မည့် နည်းပညာများ အသုံးပြုရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသူများ အပိုဝင်ငွေရရှိနိုင်စေရန် စိုက်ပျိုးရေးအပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုလည်း တွဲဖက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သစ်သီးဝလံစိုက်ပျိုးသူများအနေဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း သီးနှံပေါ်ချိန်၌ ဈေးကွက်မရှိခြင်း၊ ဈေးနှုန်းကျဆင်းခြင်း စသည့် အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်စေရန် အစုအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးဧက ၄ ဒသမ ၅ သိန်းခန့်ရှိသည့်အနက် တစ်နိုင်တစ်ပိုင်အနေဖြင့် ငါးဧကမှ ၁၅ ဧကအထိ စိုက်ပျိုးလုပ်ကိုင်နေသူ ၆၃ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ ရှိသည်ကို တွေ့ရှိရကြောင်း၊ ရော်ဘာစိုက်ပျိုးခြင်းကို လုပ်ငန်းရှင်ကြီးများအနေဖြင့် အရင်းအနှီး၊ နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ စက်ကိရိယာများကို အပြည့်အဝ အသုံးချပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်နိုင်သော်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးသူများအနေဖြင့် ယင်းကဲ့သို့ ဆောင်ရွက်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များ ရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ စုစည်းပြီး အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက တွေ့ကြုံရမည့်အခက်အခဲနှင့် ကန့်သတ်ချက်များကို အောင်မြင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ဗဟိုသမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမ ဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့၊ ရော်ဘာတစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့များနှင့် စပ်လျဉ်း၍ သမဝါယမကဏ္ဍမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးရာတွင် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် Secondary Income ရရှိရန်အတွက် တစ်နိုင်တစ်ပိုင် ကြက်၊ ဘဲ၊ ဝက်၊ နို့စားနွား စသည်ဖြင့် မွေးမြူရန် လိုအပ်ကြောင်း၊ သို့မှသာ တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မအဆင့်သို့ရောက်လာပြီး တစ်အုပ်တစ်မအဆင့်မှ သမဝါယမလုပ်ငန်းများနှင့် ဆက်စပ်ကာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးအတွက် သမဝါယမ နည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်ကာ ပြည်တွင်းပြည်ပပို့ကုန်ဆောင်ရွက်နိုင်သည်အထိ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းက ကူညီပံ့ပိုးပေးနိုင်မည့် အစီအမံများဖြင့် အကောင်အထည်ဖော်မှုသည် လက်ရှိအခြေအနေထက် အကျိုးကျေးဇူးများ ပိုမိုရရှိလာနိုင်မည် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကန်ကလေးဥယျာဉ်ခြံ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများနှင့် ဒေသခံဦးဇော်ဝင်း၏ ဥယျာဉ်ခြံ၌ ရေတင်ခြင်း၊ စပါးကြိတ်ခွဲခြင်းနှင့် လျှပ်စစ်ဓာတ်အား ၁၅၀ KVA ထုတ်လုပ်နိုင်သော စပါးခွံလောင်စာသုံး Gasifier Engine မောင်းနှင်လည်ပတ်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သံဖြူဇရပ်မြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၌ မြို့နယ်သမဝါယမအသင်းစု၊ အသင်းများမှ အသင်းသားလုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသော ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်နှင့် ရေလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပြီး သမဝါယမ လုပ်ငန်းကို စိတ်ပါဝင်စားသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၂	ကယားပြည်နယ်	၂၉	၂၀	နေရာကျဲကျဲမိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၄	ချင်းပြည်နယ်	၂၀	၁၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၆	နေရာကွက်ကျားမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၅	နေရာကျဲကျဲမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၇	နေရာကွက်ကျားမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၇	၂၁	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၃	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၃	မိုးတစ်ကြိမ်နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၅	မိုးတစ်ကြိမ်နှစ်ကြိမ်ရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၇	နေရာကွက်ကျားမိုးရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကလေးဝမြို့၊ မင်းဘူးမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၂ ဒသမ ၅၂ လက်မစီ၊ ဇလွန်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၉၆ လက်မနှင့် ကျောက်ထုတွင် ၁ ဒသမ ၈၄ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

လူငယ်သက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၁ ခုနှစ် (၄)ကြိမ်မြောက် Denk Pharma Cup အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

အဆိုပါ ဆုပေးပွဲတွင် (၁၇)နှစ်အောက် အမျိုးသားအကောင်းဆုံးဆုရ မင်းသုခနှင့် အမျိုးသမီး အကောင်းဆုံးဆုရ ထက်ရမုံအောင်၊ (၁၄)နှစ်အောက် အမျိုးသား အကောင်းဆုံးဆုရ သုမြတ်ဟိန်းနှင့် အမျိုးသမီး အကောင်းဆုံးဆုရ နန်းခမ်းမြတ်ခြူး၊ (၁၂)နှစ်အောက် အမျိုးသား အကောင်းဆုံးဆုရ အံ့ခေါင်ထွဋ်နှင့် အမျိုးသမီး အကောင်းဆုံးဆုရ အင်ကြင်းကေခိုင်၊ (၁၀)နှစ်အောက် အမျိုးသား အကောင်းဆုံးဆုရ ငြိမ်းခန့်စိုးနှင့် အမျိုးသမီး အကောင်းဆုံးဆုရ ဆုမိုးသိမ့်စံ၊ (၈)နှစ်အောက် အမျိုးသား အကောင်းဆုံးဆုရ စွမ်းထက်မင်းသိန်း၊ အမျိုးသမီး အကောင်းဆုံးဆုရ နန်းဟန်နီဦးတို့အား လည်းကောင်း၊ အသင်းလိုက် ပဥ္စမဆုရ ကုက္ကိုင်းရေကူးအသင်း၊ စတုတ္ထဆုရ အားကစားနှင့် ကာယပညာသိပ္ပံ၊ တတိယဆုရ ရန်ကုန်ရေကူးအသင်း၊ ဒုတိယဆုရ United (က)အသင်းနှင့် ပထမဆုရ Hard Body (က) အသင်းတို့အား အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)

လူငယ်သက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲတွင် အသင်းလိုက် ပထမဆုရ Hard Body (က) အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသိန်းအောင် ဆုဖလား ပေးအပ်စဉ်။ (သတင်းစဉ်)

တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူးဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဈေးသစ်အသင်း ပထမဆုရ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၃ ရက် ညနေ ၃ နာရီက တွံတေးမြို့မ အားကစားကွင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် ဈေးသစ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဈေးသစ်အသင်းက အနိုင်ရရှိသွားသည်။

အဆိုပါ ဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့သော ဈေးသစ်ဘောလုံးအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အားကစားမှူး ဦးစန်းငွေးက ပထမဒိုင်းဆုနှင့် ဒုတိယဆုရ အထွေထွေအုပ်ချုပ်ရေးအသင်းကို လည်းကောင်း၊ တတိယဆုရ ကရင်ချောင်းကျေးရွာ အသင်းကို လည်းကောင်း၊ စတုတ္ထဆုရ ကံဘဲ့ကျေးရွာ အသင်းအား လည်းကောင်း မြို့နယ်အားကစားကော်မတီဝင်များက ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။ (၅၉၄)

စခန်းသွင်းလေ့ကျင့်နေသော မြန်မာစစ်တုရင် အားကစားအဖွဲ့များအား လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိသော စစ်တုရင်အားကစားစခန်းသို့ ဇူလိုင် ၁၆ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က လေ့ကျင့်ရေးပိုင်းဆိုင်ရာနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦးက အားကစားစခန်းများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာနေထိုင်မှု၊ ကျွေးမွေးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍**(အောက်ပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြသည်။ (သတင်းစဉ်)

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ် ဥရုဂွေးက အိမ်ရှင် အာဂျင်တီးနားကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတက်

ဗျူနိုအေးရိစ် ဇူလိုင် ၁၇

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဥရုဂွေးနှင့် ပီရူးတို့ နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

အာဂျင်တီးနား ၁-၁ ဥရုဂွေး
(ပယ်နယ်တီ ၄-၅)

အာဂျင်တီးနားနှင့် ဥရုဂွေးတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည့်ပွဲတွင် ပထမပိုင်းပွဲအစ ၅ မိနစ်မှာပင် ဥရုဂွေးက ဒီယေဂိုပီရက်ဇ်၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၁၇ မိနစ်တွင် ဂွန်ဇာလိုဟီဂွာရင်က အာဂျင်တီးနားအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ထို့နောက်ပိုင်းတွင် နှစ်သင်းလုံး ဂိုးဆက်လက်သွင်းယူနိုင်ခြင်းမရှိဘဲ သာမန်ပွဲကစားချိန် မိနစ် ၉၀ ကို တစ်ဂိုးစီ သရေဖြင့် ပြီးဆုံးစေခဲ့သည်။ ထို့နောက် အချိန်ပို ဆက်လက်ကစားခဲ့ရာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့၍ ပယ်နယ်တီအဆုံးအဖြတ် ကန်ခဲ့ရသည်။ ထိုသို့ ကန်သွင်းရာတွင် အာဂျင်တီးနားက လေးဂိုးဝင်ပြီး ဥရုဂွေးက ငါးဂိုးဝင်ခဲ့၍ ဥရုဂွေးအသင်း အကြိုဗိုလ်လုပွဲတက်ခွင့် ရသွားသည်။ ဤပွဲတွင် ပွဲချိန် ၃၈ မိနစ်၌ ဥရုဂွေးအသင်းမှ ဂိုးသွင်းရှင် ဒီယေဂို ပီရက်ဇ် အနီကတ်ထိခဲ့သကဲ့သို့ ၈၆ မိနစ်တွင် အာဂျင်တီးနားအသင်းမှ မာရှေယာနို အနီကတ် ထိခဲ့သည်။

ပီရူးအနိုင်ရ

အခြားကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲဖြစ်သည့် ကိုလံဘီယာနှင့် ပီရူးတို့ပွဲစဉ်တွင် ပီရူးက အချိန်ပိုတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်သွားပြီဖြစ်သည်။ ဤပွဲတွင် ပီရူးအတွက် ဂိုးများကို ပွဲချိန် ၁၀၁ မိနစ်တွင် ကာလို့စ်လိုဘာတန်နှင့် ၁၁၁ မိနစ်တွင် ဗာဂစ်ရစ်ကိုတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် ပွဲချိန် ၆၅ မိနစ်၌ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအို၏ ပယ်နယ်တီ ကန်သွင်းမှုမှာ လွဲချော်ခဲ့ရသည်။

ESPN

ဟန်သစ်

တီဗက်ဇ်၏ ပယ်နယ်တီ ကန်သွင်းမှုကို ဥရုဂွေး ဂိုးသမား ကာကွယ်နေစဉ်။

၂၀၁၁ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆွီဒင်အသင်း တတိယရရှိ

ဘာလင် ဇူလိုင် ၁၇

၂၀၁၁ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ဆွီဒင်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွီဒင်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တတိယရသွားသည်။



ယခုပြိုင်ပွဲတွင် ပြင်သစ်အသင်းသည် ဆွီဒင်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သည်။ ပြင်သစ်အသင်းသည် ဆွီဒင်ဂိုးပေါက်ကို ၁၉ ကြိမ် ကန်သွင်းခွင့်ရခဲ့ရာတွင် ရှစ်ကြိမ် ဂိုးပေါက်တည့်ခဲ့ပြီး ဆွီဒင်က ၁၀ ကြိမ် ကန်သွင်းခွင့်ရခဲ့ရာတွင် လေးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဆွီဒင်အတွက် ဂိုးများကို ပထမပိုင်းပွဲချိန် ၂၉ မိနစ်တွင် လော့တာဆရှီလင်နှင့် ၈၂ မိနစ်တွင် ဟမ်မာစထရွန်တို့က သွင်းယူခဲ့ပြီး ပြင်သစ်အတွက် ဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် သိုမီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဤပွဲတွင် ပွဲချိန် ၆၈ မိနစ်၌ ဆွီဒင်အသင်းမှ တိုက်စစ်မှူး အိုကျူပစ် အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရသည်။ ESPN

ပြည်သူ့ထံမှ ပေးစာများ

ယာဉ်လိုင်း ဂိတ်ဆုံးထိပြေးဆွဲပေးပါ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာ-ဆူးလေ-ကြိုးတံတားယာဉ်လိုင်းမှ ၇၆ မီနီဘတ်စ်နှင့် ၁၀၃ မီနီဘတ်စ်များသည် ကြိုးတံတားဂိတ်ဆုံးထိ ပြေးဆွဲခြင်းမရှိဘဲ (၈၂) ဈေးမှ လှည့်ပြန်ပြေးဆွဲနေခြင်းကြောင့် ခရီးသွားများ အခက်အခဲ ကြုံတွေ့နေရပါသဖြင့် ကားဂိတ်ဆုံးထိ ပြေးဆွဲပေးပါရန် သက်ဆိုင်ရာက စိစစ်ကြပ်မတ်ပေးစေလိုပါသည်။

ခရီးသွားတစ်ဦး

မုန့်ဖုတ်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် လမ်း(၃၀)ထိပ် ခြောက်ခန်းတွဲတိုက် မြေညီထပ်၌ ကိတ်မုန့်မျိုးစုံ နေ့စဉ်မုန့်ဖုတ်လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်တွင် ညှော်နံ့များကို ရှူရှိုက်နေရပြီး လေစုပ်စက်များမှ ဆူညံသံများကြောင့် တိုက်ခန်းနေသူများ နားမခံနိုင်အောင် ဖြစ်နေပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

လမ်းပိတ်ဆို့၍ သွားလာရေးခက်

စာတည်းရှင်-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈) လမ်း (အလယ်) (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)တွင် လမ်းပိတ်ဆို့၍ ဈေးရောင်းချနေပါသဖြင့် ကျောင်းကြိုပို့ယာဉ်များ သွားလာရန် အခက်အခဲရှိပါ၍ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျောင်းသားမိဘများ

ရွှေအမှိုက်ထုတ် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် နွယ်သာကီ(၈)လမ်း အနောက်ခြမ်းတွင် ရွှေအမှိုက်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ အမှိုက်များကို မီးရှို့ခြင်း၊ ရွှေချွတ်ရန် ငရဲမီးဖြင့်ပြုလုပ်ခြင်းများကြောင့် အညှော်နံ့များ၊ ငရဲမီးအနံ့များကို ပတ်ဝန်းကျင်နေသူများ နေ့စဉ် ရှူရှိုက်နေရပါသည်။ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူများ

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြောင်လျှာကုန်း-သပြေပင်အင်းကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် သစ်သားတံတားတည်ဆောက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီဝင်းအတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဥက္ကဋ္ဌ ဦးရဲမြင့် ဖုန်း-၀၉-၅၅၀၆၁၀၉၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၅၆၅၁၊ ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂ နှင့် ကျောင်းဖုန်း-၂၉၇၉၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေရေး တိုးချဲ့ဆောင်ရွက်နိုင်ရန် တည်ဆောက်ပြီး သံရေကန်အသစ် သယ်ယူတိုးချဲ့တပ်ဆင်ခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဆန်းမင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

စိုက်ပျိုးသူများအနေဖြင့် ဒုတိယဝင်ငွေရရှိရန် တစ်ပိုင်တစ်နိုင်မွေးမြူ ဈေးကွက်ရရှိရေး သမဝါယမနည်းလမ်းများဖြင့် အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၁၇

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မုဒုံမြို့နယ် အဇင်းကျေးရွာရှိ ဦးတင်အေး၏ ကျွဲကောဥယျာဉ်ခြံနှင့် ဒေါ်ဝင်းဝင်းကြည်၏ ကျွဲကောဥယျာဉ်ခြံများ၌ လိုက်လံကြည့်ရှုခဲ့ပြီး မုဒုံမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးခြံ၌ သစ်သီးဝလံဥယျာဉ်ခြံ စိုက်ပျိုးသူများ၊ မြို့နယ်သမဝါယမအသင်းစု၊ အသင်းများမှ အသင်းဝင်လုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံ၍ သစ်သီးဝလံဥယျာဉ်ခြံ စိုက်ပျိုးရေး နည်းပညာပေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မုဒုံမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးခြံ၌ သစ်သီးဝလံဥယျာဉ်ခြံစိုက်ပျိုးသူများ၊ မြို့နယ်သမဝါယမအသင်းစု၊ အသင်းများမှ အသင်းဝင်လုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်က ပြည်နယ်အတွင်း လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားငွေစုငွေချေးအသင်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကော်မတီဖွဲ့စည်းကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ၊ သားငါးမွေးမြူထုတ်လုပ်မှုနှင့် ကျေးလက်နှင့် မြို့ပေါ်ရှိ လက်လုပ်လက်စားပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ မပူမပင်၊ မတောင့်မတ၊ မကြောင့်မကြ နေထိုင်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ယခုလာရောက်သည့် အဖွဲ့များအား ရောက်ရှိသည့်မြို့နယ်၊ နယ်မြေအခြေအနေအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် သီးခြားစီအကြံပြုပေးခြင်း၊ အရင်းအနှီးငွေကြေးကူညီထောက်ပံ့ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းထားရှိမှုအပေါ် ဖြည့်စွက်ဖြည့်ဆည်း၍ ပိုမိုခိုင်မာအောင် အစုအဖွဲ့များ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့◆

ရေဦး၌ လျာထားဧက စိုက်ပျိုးပြီးစီး

ရေဦး ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်တွင် ၂၀၁၀-၂၀၁၁ စိုက်ပျိုးရာသီ၌ ကျေးရွာအုပ်စု ၅၃ အုပ်စုရှိ တောင်သူဦးကြီးများအား နွေစပါး ဧက ၅၀၅၂၀ စိုက်ပျိုးရန် လျာထားသတ်မှတ် တာဝန်ပေးခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွှေသွယ်ရင်၊ ဆင်းနွယ်ရင်၊ ရွှေဘို(၁)၊ မနောသုခ၊ ရက်(၉၀)၊ ရက်(၁၂၀) စသည့် နွေစပါး ၅၀၃၇၈ ဧကကို စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်သည်။

(၃၉၀)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၇-၂၀၁၁

ခန္တီး	၃	ဒသမ	၃၁	လက်မ
စစ်တွေ	၂	ဒသမ	၆၄	လက်မ
ကလေးဝ	၂	ဒသမ	၅၂	လက်မ
မင်းဘူး	၂	ဒသမ	၅၂	လက်မ
ကျိုက်မရော	၂	ဒသမ	၅၂	လက်မ